ကြေးမုံ

The Mirror

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (9-11-2008) (၅၈၅၇)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၉

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရွှန်နစ် နိုရိုဒွန် သီဟာမိုနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၈

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံ( စီအယ်လ်အမ်ဗွီ )ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ် )ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ညနေ ၄ နာရီတွင် အထူးလေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။**

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကို၊ ဗိုလ်ချုပ်သူရမြင့်အောင်၊ ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဗိုလ်ချုပ်မောင်ရှိန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံ( စီအယ်လ်အမ်ဗွီ )ထိပ်သီး အစည်းအဝေးနှင့် တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ် ) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)



**အတည်ပြုချိန် ၁း၁၅**

ကြေးမုံ The Mirror
၉-၁၁-၂၀၀၈
(တနင်္ဂနွေနေ့)

## ရေချိုငါးမွေးမြူရေး အဆင့်မြှင့်တင် စီးပွားဖြစ်ထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်း

ကမ္ဘာတွင် လူဦးရေ နှစ်စဉ်တိုးတက်မှုနှင့်အတူ လိုအပ်သောသားငါး ရိက္ခာများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပင်လယ်ငါးဖမ်းလုပ်ငန်းကို အလေးထား လုပ်ကိုင်လာခဲ့ကြသည်။ ယခုအခါ ပင်လယ်ငါးဖမ်းလုပ်ငန်းမှ သားငါးထုတ်လုပ်မှု နှစ်စဉ် လျော့နည်းလာသဖြင့် ရေချိုရေငန် ငါးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လျက်ရှိကြသည်။

အာရှဒေသတွင် အများအားဖြင့် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခေါင်းပွစသည့် အသီးအရွက်စားငါးများ၊ ကျောက်ငါး၊ ကကတစ်၊ ငါးတန်၊ ငါးခူစသည့် အသားစားငါးများနှင့် တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ငါးခုံးမစသည့် အစုံစားငါးများအပြင် ရေချို၊ ရေငန်ပုစွန်၊ ကဏန်း၊ ခရုတို့ကို မွေးမြူထုတ်လုပ်နေကြသည်။

မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးကန်ပေါင်း ဧကနှစ်သိန်းကျော်ရှိရာ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံသည့် ရေချိုငါးများကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ခေတ်မီငါးမွေးမြူရေးအဆင့်ကို မြှင့်တင်နိုင်ရန် ကြိုးပမ်းကြရမည် ဖြစ်သည်။

စီးပွားဖြစ် ငါးမွေးမြူရေးလုပ်ကိုင်ရာတွင် ငါးကန်နေရာရွေးချယ်မှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် ငါးစာများ အရည်အသွေးကောင်းမွန်ရေး၊ ငါးမျိုးအရည်အသွေး ကောင်းမွန်ရေးတို့ကို ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ ငါးမွေးမြူရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ငါးကန်များပေါ်၌ ကြက်ခြံ၊ ဝက်ခြံများ တည်ဆောက်မွေးမြူခြင်း၊ မွေးမြူရေးကန်နှင့် ကန်ပေါင်အနီးအနားတွင် ဝက်ခြံနှင့် အိမ်သာများထားရှိခြင်း၊ အညစ်အကြေးစွန့်ခြင်း၊ အမှိုက်သရိုက်များ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းတို့လည်း ရှောင်ရှားကြရမည်ဖြစ်သည်။

ထို့အပြင် မျိုးရိုးဗီဇမြှင့်တင်ထားသော ငါးမျိုးများ လဲလှယ်မွေးမြူခြင်း၊ မျိုးကောင်းမျိုးသန့် ငါးသားပေါက်များ ဖြန့်ဖြူးပေးခြင်း၊ ခေတ်မီဆေးထိုး သားဖောက်နည်းပညာဖြင့် ငါးသားပေါက်များ ထုတ်လုပ်ပေးခြင်းတို့ဖြင့် ကြီးထွားနှုန်း ကောင်းသောငါးများ ပေါက်ပွားရရှိနိုင်မည်ဖြစ်သည်။

ရေငန်ပုစွန်များ မွေးမြူရာတွင် သဘာဝပင်လယ်ပြင်မှ ရောဂါကင်းစင်၍ ကြီးထွားနှုန်းကောင်းသော မျိုးပုစွန်များဖမ်းဆီးကာ သားပေါက်များ ထုတ်လုပ်ခြင်းနှင့် ရေချိုပုစွန်မွေးမြူရေး၌ သဘာဝအလျောက် ဖမ်းယူရရှိသည့် ကြီးထွားနှုန်းကောင်းသော ပုစွန်မျိုးစိတ်ကောင်းများကို မျိုးအဖြစ်အသုံးပြု၍ သားပေါက်ထုတ်လုပ်ခြင်းများကို လုပ်ကိုင်ကြရမည်ဖြစ်သည်။

ရေချို၊ ရေငန် ငါးပုစွန်မွေးမြူရေးသည် ဈေးကွက်ရှိပြီး အကျိုးစီးပွားဖြစ်ထွန်းနိုင်သည့်လုပ်ငန်းဖြစ်ရာ မွေးမြူရေးလုပ်ငန်းရှင်များက မျိုးကောင်းမျိုးသန့် ငါးမျိုးများကို ခေတ်မီနည်းစနစ်များအသုံးပြု၍ စနစ်တကျ မွေးမြူထုတ်လုပ်ကြခြင်းဖြင့် မြန်မာ့ငါးပုစွန်မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၄၄) ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၈**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄) အမှတ် (၄၄)၌ မြန်မာ့ဟင်းသီးဟင်းရွက်များ ရုရှားသို့ တင်ပို့ရောင်းချရန်စီစဉ်၊ ဘင်္ဂလားပင်လယ်ပြင်တွင် မုန်တိုင်းဖြစ်ပေါ်တိုင်း မြန်မာနိုင်ငံသို့ မဝင်ရောက်နိုင်၊ နို့နှင့်နို့ထွက်ပစ္စည်းစစ်ဆေးရေးစခန်းနှင့် ဓာတ်ခွဲခန်းများ ဖွင့်လှစ်ရန်စီစဉ်၊ မြန်မာ့ရေပိုင်နက်ကို နိုင်ငံတကာဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်သွားမည်၊ ကလေးသူငယ်နှင့် အမျိုးသမီးများ အန္တရာယ်ကာကွယ်ရေး ဝေါလ်ဗီးရှင်းမြန်မာက အဓိကလုပ်ဆောင်ပေးနေ၊ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် အချိန်အခါမဟုတ် မိုးများရွာသွန်းနိုင်၊ စင်ကာပူသို့ ပညာသွားသင်မည့်သူများ ပြည်ဝင်ခွင့်လျှောက်ရန်မလိုသည့် စနစ်သစ်စတင်၊ စင်ကာပူရှိ Shine College မှ ပေးအပ်သောဘွဲ့မှာ အရည်အချင်းပြည့်မီခြင်းမရှိကြောင်း တရားဝင်ထုတ်ပြန် စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ 'တွံတေးဒေသနှင့် ရှေးမြို့ဟောင်းများ' သမိုင်းရေးရာသုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

'လူမျိုးရေးခွဲခြားမှုက အိုဘားမားကို ကြိုးတန်းပေါ်လမ်းလျှောက်စေမှာဖြစ်တယ်' လူမှုဗေဒပညာရှင် မိုက်ကယ်လ်အဲရစ်ဒိုင်ဆန်နှင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ဒေါ်လာသုံးထရီလီယံစစ်ပွဲ၊ လူသားအရင်းအနှီးနှင့် တောင့်တင်းသောအခြေခံအဆောက်အအုံတို့က အဓိကကျ၊ အသက်(၈၁)နှစ်အရွယ်အဘိုးအို အွန်လိုင်းပေါ်တွင်ချစ်သူရှာ၊ ကလေးများ၏ ယုံကြည်မှုနှင့် အပြုအမူဆက်စပ်မှုမရှိ၊ ကောလာဟလဇာတ်လမ်း၏ ထမင်းလုံးတစ္ဆေခြောက်လှန့်မှု ဆယ်ကျော်သက်မိန်းကလေး ကိုယ့်ကိုယ်ကိုယ်သတ်သေ၊ လေလည်သည့်အခါ ထွက်ပေါ်လာသောဓာတ်ငွေ့က သွေးပေါင်ချိန်ကိုထိန်းချုပ် စသည့်နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e- Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တကောင်းတောင် နီကယ်ထုတ်လုပ်ရေးစခန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၈

**သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် နိုဝင်ဘာ ၃ ရက်တွင် မန္တလေးမြို့ရှိ အမှတ်(၃) သတ္တုတွင်းလုပ်ငန်းရုံးခွဲ၌ CNMC Nickel Co.,Ltd(CNICO) မှဥက္ကဋ္ဌ Mr.Wang Xiao Wei နှင့် တွေ့ဆုံ၍ တကောင်းတောင် နီကယ်စီမံကိန်းစက်ရုံနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုးနှင့် ဝန်ကြီးတို့အား နိုဝင်ဘာ ၄ ရက်တွင် မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ်ရှိ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း တကောင်းတောင်နီကယ်ထုတ်လုပ်ရေးစခန်း လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်နှင့် CNICOမှ ဥက္ကဋ္ဌ Mr. Wang Xiao Wei တို့က CNICO ကုမ္ပဏီက ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် နီကယ်သတ္တုထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ရှုရပ်မှ တကောင်းတောင် နီကယ်စက်ရုံ တည်ဆောက်မည့် မြေနေရာ၊ ဝန်ထမ်းအိမ်ရာ မြေနေရာနှင့် ဆိပ်ခံတံတား ဆောက်လုပ်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးကြသည်။ ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကျောက်ပုထိုးရွှေသတ္တုသန့်စင်စက်ရုံ ရှင်းလင်းဆောင်၌ ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ နိုင်ငံတကာ နည်းပညာများနှင့် ပေါင်းစပ်၍ ရည်မှန်းချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို မှာကြားပြီး စက်ယန္တရားကြီးများဖြင့် ရွှေသတ္တုရိုင်းတူးဖော်နေမှုကို ရှုရပ်မှ ကြည့်ရှု၍ စက်ရုံအတွင်း ရွှေသတ္တုရိုင်းများ ကြိတ်ခွဲနေမှု၊ အမြှုပ်ဖော် သန့်စင်နေမှုနှင့် ရွှေစင်များထုတ်လုပ် ကြိုချက်သွန်းလောင်းနေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည် (သတင်းစဉ်)

## အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၈

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် တောင်သာမြို့နယ် မင်းစုအခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**



**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း (စွပ်ကျယ်)စက်ရုံ (တောင်သာ) တွင် ကြည့်ရှုစစ်ဆေးစဉ်။**
(စက်မှု-၁)

ဆက်လက်၍ ဝန်ကြီးသည်တောင်သာမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်နှင့် မြန်မာ့အထည်အလိပ်လုပ်ငန်းစွပ်ကျယ်စက်ရုံ(တောင်သာ)တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တောင်သာ မြင်းခြံကားလမ်းမဘေး လယ်ကွက်ကြီးကျေးရွာအုပ်စုကျောက်တစ်လုံး ဆည်ရေသောက်ဧက ၁၀၀ မျိုးသန့်စံပြစိုက်ကွင်း၌ တောင်သူဦးအောင်ဆန်း၏ဆင်းနွှယ်ရင် အထွက်တိုးစပါးများ ဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုအားပေးသည်။

ထို့နောက်ဝန်ကြီးသည် တောင်သာမြို့နယ် လယ်ကွက်ကြီး ကျေးရွာအုပ်စုမှတောင်သူများအား တွေ့ဆုံ၍ ကျေးလက် မီးလင်းရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အထက(၁)ပဲခူး (ယခင်ဟိုက်စကူးကျောင်း) အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၈**

အထက(၁)ပဲခူး (ယခင်ဟိုက်စကူးကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အကြိမ်(၃၀)မြောက် (ပုလဲရတု)အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် အထက(၁) ပဲခူးမြို့ သီရိပညာခန်းမ၌ကျင်းပမည်ဖြစ်သည်။

လျှုဒါန်းလိုသူကျောင်းသား၊ကျောင်းသူများသည် ဦးဟုတ်စိန် (ကျောင်းအုပ်ကြီး၊ ငြိမ်း)ဖုန်း-၀၅၂-၂၁၈၉၉၊ ဒေါ်စမ်းစမ်းမြင့် (ကျောင်းအုပ်ကြီး၊ ငြိမ်း) ဖုန်း-၀၅၂-၂၄၁၄၃၊ ဦးငွေရှိန် ဖုန်း-၀၅၂-၂၁၄၁၆၊ ဦးရှိန် ဖုန်း-၀၅၂-၂၁၄၅၃၊ဒေါ်မင်း(ကျောင်းအုပ်ဆရာမကြီး)ဖုန်း-၀၅၂-၂၁၀၀၇၊ ဥက္ကဋ္ဌ၊ပဲခူးအသင်း ဖုန်း-၀၁-၂၇၈၃ ၀၅၊ ၀၁-၂၈၂၅၉၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

## စာဆိုတော်နေ့အကြို ဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စီစဉ်မှုဖြင့် စာဆိုတော်နေ့အကြိုဟောပြောပွဲ ကို နိုဝင်ဘာ ၅ရက်က အထက(၂) မရမ်းကုန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို စာရေးဆရာ အိုချစ်ရာ ဦးတင်မြင့်က ဖတ်ကြားပြီး **(အောက်ပုံ)** မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်မရမ်းကုန်း)က အမှာစကားပြောကြားကာ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးထွန်းထွန်းဝင်းနှင့် စာရေးဆရာ ကိုရွှေအောင်သင်တို့က စာပေရေးရာများကိုဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ်စာပေနှင့် စာနယ်ဇင်း)**





☆ **ရှေ့ဖုံးမှ**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ညဏ်ထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr.Vu Van Minh နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သောအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Hoang Tuan Anh က ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့သို့ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံ (CLMV)ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် နိုဝင်ဘာ ၅ရက် နံနက် ၁၀နာရီတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့သို့ ထွက်ခွာခဲ့ကြသည်။**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် မွန်းတည့် ၁၂နာရီ မိနစ် ၂၀တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ နွိုင်ဘိုင်း (Noibai) အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ဒုတိယအကြီးအကဲ Mr. Le Minh Thang တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် လေယာဉ်လှေကားထိပ်မှ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Hoang Tuan Anh က ကြိုဆိုနှုတ်ဆက်ပြီး ဗီယက်နမ်အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung က ကြိုဆို နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာအမျိုးသမီးငယ်လေးတစ်ဦးက ဂါရဝပြုဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ယင်းနောက်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး၏ဇနီး၊ စစ်သံမှူးများ ဖြစ်ကြသည့် ဗိုလ်မှူးချုပ် သန်းအောင်၊ ဗိုလ်မှူးကြီး တင်ထွန်းအေးနှင့် ယင်းတို့၏ ဇနီးများ၊ မြန်မာသံရုံးနှင့်စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ဟနွိုင်းမြို့ရှိ ဟနွိုင်းဒေဝူးဟိုတယ်သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

## ဝန်ကြီး ဦးညဏ်ဝင်း ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၀၈ခုနှစ် နိုဝင်ဘာ (၉)ရက်တွင်ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၉-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ **"စီးဆင်းပါစေမေတ္တာရည်" (မေကဗျာ၊ ဖူးဖူး) [ဒါရိုက်တာ-ခင်ဇော်(ကုမုဒြာ)]**
- ၇း၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၁၀ ၆။ အတီးပြိုင်ပွဲ
- ၈း၃၀ ၇။ International News.
- ၈း၄၅ ၈။ တေးဂီတအစီအစဉ်
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

**နေ့လည်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တန်ဆောင်တိုင်တေးများ
- ၁၁း၂၅ ၃။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၁၁း၃၅ ၄။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
- ၁၁း၄၅ ၅။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၁၂း၁၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေမေ့မေတ္တာ ကုဋေကုဋာ" (အပိုင်း-၂၀)**
- ၁း၀၀ ၇။ Golf Magazine(TV)
- ၁း၂၀ ၈။ **မြန်မာဗီဒီယိုဇာတ်လမ်း "ပြေပြေလည်လည်" (လူမင်း၊ အောင်လွင်၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဟိန်းစိုး)**
- ၂း၄၅ ၉။ International News.
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၆။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၉။ ကာတွန်းအစီအစဉ် "Pocket Dragon Adventure"
- ၆း၅၅ ၁၀။ **တစ်မျက်နှာတစ်ကွက်စာ "အိပ်မက်ဆိုး" (မင်းသူ၊မိုးဟေမာန်ခင်) [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]**
- ၇း၁၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံယောဇဉ်နှောင်ကြိုး" (အပိုင်း-၁၂)**
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စစ်ရှာဖွေခြင်း" (အပိုင်း-၆)**
- ၁၆။ အစီအစဉ်ပြီး၏။

## ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

အိန္ဒိယသမ္မတနိုင်ငံသို့ သွားရောက်ခဲ့သော သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာကြသည်။



**ကြိုဆိုနှုတ်ဆက်**

ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

**ကြိုဆို**

**သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အိန္ဒိယသမ္မတနိုင်ငံသို့သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာရာ နေပြည်တော်လေဆိပ်တွင်ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။**
(သတင်းစဉ်)

## အင်တာနက် ကဖေးနှင့် မိုဘိုင်းဖုန်းဆိုင်ရာ စီးပွားရေးအခွင့်အလမ်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်ဟောပြောပွဲများကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်ပင်မဆောင်၌ ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၈ရက် မွန်းလွဲ ၁နာရီခွဲမှ ၂နာရီခွဲအထိ အခန်းအမှတ်(၁၀၂)၌ e. Trade Myanmar Co., Ltd. က ကြီးမှူး၍ အင်တာနက်ကဖေးနှင့် မိုဘိုင်းဖုန်း အရောင်းဆိုင်များအတွက် စီးပွားရေးအခွင့်အလမ်းဆိုင်ရာ ဟောပြောပွဲကို ကျင်းပမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အတည်ပြုချိန် ၃း၁၅



အမေရိကန်နိုင်ငံ နယူးယောက်ခ်မြို့ရှိ လမ်းမများပေါ်တွင် အလုပ်အကိုင် ရှာဖွေနေကြသော အလုပ်လက်မဲ့များကို နိုဝင်ဘာ ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အမေရိကန်အလုပ်လက်မဲ့ ၁၄ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိ

**နယူးယောက် နိုဝင်ဘာ ၈**

အမေရိကန် ပြည်ထောင်စုတွင် အလုပ်လက်မဲ့ အရေအတွက်ကို တရားဝင်ဖော်ပြထားသောကိန်းဂဏန်းများအရ အလုပ်လက်မဲ့နှုန်းသည် အောက်တိုဘာလတွင် ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ မြင့်တက်သွားရာ ၁၉၉၄ ခုနှစ် မတ်လမှ တွက်စစ်လျှင် အမြင့်ဆုံးနှုန်းထားဖြစ်သည်။

အမေရိကန်ပြည်ထောင်စု အလုပ်သမားဌာနမှ ကိန်းဂဏန်းများအရ အောက်တိုဘာလတွင် လုပ်ငန်းရှင်များက အလုပ်သမား ၂၄၀၀၀၀ ကို အလုပ်ဖြုတ်ပစ်ခဲ့သည်။ လစဉ်ဆက်တိုက် အလုပ်များ ဆုံးရှုံးခဲ့ရာ ဆယ်လမြောက် ဆုံးရှုံးခြင်းဖြစ်သည်။

စီးပွားရေးပညာရှင်အချို့ကအလုပ်လက်မဲ့နှုန်းထားသည် ရှစ်ရာခိုင်နှုန်းအထိတက်မည်ဟု ကြိုတင်ဟောကိန်းထုတ်ကြသည်။ လာမည့်နှစ်တွင်လည်း ထပ်မံမြင့်တက်လာဖွယ်ရာရှိသည်ဟု ဆိုသည်။

ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် အလုပ်ဆုံးရှုံးကြသော အလုပ်သမားများသည် အလုပ်သမားဌာနက မူလ ကြိုတင်ခန့်မှန်းထားသည်ထက် ပို၍များနေသည်။ **အင်တာနက်။**



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အမေရိကန်လေကြောင်း တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးသွားသော ယာဉ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ဘဂ္ဂဒက်တွင် ဗုံးနှစ်လုံးပေါက်ကွဲ ၁၁ ဦးသေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၈**

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် ဗုံးနှစ်လုံးသီးခြားစီ ပေါက်ကွဲခြင်းကြောင့် ၁၁ ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က နိုဝင်ဘာ ၇ ရက်တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ကားများရပ်နားထားရန်နေရာတွင် ဗုံးကွဲခြင်းကြောင့် ခုနစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားသည်။ ထိုဗုံးကို ဘတ်စ်ကားရပ်နားရန်နေရာတွင် ကားတစ်စင်း၏အောက်၌ ဝှက်ထားခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့ မြောက်ပိုင်းတွင် ဒုတိယတိုက်ခိုက်မှုအဖြစ် လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲရာ လေးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**အင်တာနက်။**

ကြေးမုံ
The Mirror
နိုင်ငံတကာသတင်းများ



နိုင်ငံစုံတပ်ဖွဲ့မှ စစ်သားတစ်ဦးက အီရတ်အမျိုးသမီးတစ်ဦးကို အဓမ္မဖမ်းဆီးလာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီရတ်နှင့် အာဖဂန်နစ္စတန်သတင်းများ

## အမေရိကန်တပ်ဖွဲ့များ လေကြောင်းမှတိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သား ၄၀ သေဆုံးပြီး ၂၈ ဦးဒဏ်ရာရရှိ

**ကဘူး နိုဝင်ဘာ ၈**

အာဖဂန်နစ္စတန်နိုင်ငံ ကင်ဒါဟာပြည်နယ်တွင် ယခုသီတင်းပတ်စောစောပိုင်းက အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များ လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် အရပ်သား ၄၀ ခန့် သေဆုံးပြီး ၂၈ ဦးခန့် ဒဏ်ရာရရှိကြောင်း အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကာဇိုင်းက အရပ်သားများ သေဆုံးနေရခြင်းကို ရပ်တန့်စေရေး ဦးစားပေး ဆောင်ရွက်ရန် ရွေးချယ်ခြင်းခံရသော အမေရိကန် သမ္မတသစ် ဘာရက်အိုဘားမားအား မေတ္တာရပ်ခံခဲ့သည်။ ယခုနှစ်အတွင်း အမေရိကန်လေကြောင်း တိုက်ခိုက်မှုများကြောင့် အာဖဂန်အရပ်သား အများအပြား သေဆုံးခဲ့ရပြီဖြစ်သည်။

တာလီဘန်များကြီးစိုးရာကန်ဒါဟာပြည်နယ်တောင်ပိုင်းရှိ ရှာ့ဝါလီကို့ ခရိုင်တွင် တနင်္လာနေ့က လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

ကန်ဒါဟာမြို့တွင်ကျင်းပနေသော လက်ထပ်ပွဲတစ်ခု၌ လေကြောင်းတိုက်ခိုက်မှုနှင့် ကြုံတွေ့ရသဖြင့် ကျေးရွာသားအချို့ဒဏ်ရာရရှိခဲ့သည်။ အမေရိကန်စစ်ဘက်က ယင်းဖြစ်ရပ်အား စုံစမ်းစစ်ဆေးနေကြောင်း ပြောကြားသည်။

ပူးပေါင်းအဖွဲ့နှင့် အာဖဂန်တာဝန်ရှိသူများက ဝိချ်ဘက်ဂတူကျေးရွာတွင် သေကျေဒဏ်ရာရရှိခြင်းမှာ တိုက်ပွဲ ဖြစ်ပွားမှုကြောင့် မဟုတ်ဟု ဖော်ပြခြင်းများကို စုံစမ်းစစ်ဆေးနေကြောင်း အမေရိကန် တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောကြားသည်။

ထိုစစ်ဆင်ရေးအတွင်း အပြစ်မဲ့သော ပြည်သူများ သေဆုံးခဲ့၍ အာဖဂန်နစ္စတန် ပြည်သူများနှင့် မိသားစုများသို့ ဝမ်းနည်းကြောင်း ပြောကြားပြီး အမြန်ဆုံးတောင်းပန်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

## ကဘူးမြို့အနီး လမ်းဘေးဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

**ကဘူး နိုဝင်ဘာ ၈**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တောင်ပိုင်း ကီလိုမီတာ ၆၀ ခန့်အကွာရှိ လိုဂါပြည်နယ်တွင် နိုဝင်ဘာ ၄ ရက်က ကင်းလှည့်နေသော ယာဉ်အား လမ်းဘေးဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ဗုဒ္ဓဟူးနေ့၌ ရဲတပ်ဖွဲ့က ပြောကြားသည်။

လိုဂါပြည်နယ် မှုခင်းဌာန တာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားရာတွင် ဒေသစံတော်ချိန် ညနေ ၄ နာရီက ကင်းလှည့်နေသော ရဲကားကို အဝေးထိန်းစနစ်သုံးဗုံးဖြင့်တိုက်ခိုက်ခဲ့ကြောင်း ရဲမှူးတစ်ဦးအပါအဝင် ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ။**



အာဖဂန်နစ္စတန် လိုဂါပြည်နယ်တွင် လမ်းဘေးဗုံးခွဲတိုက်ခိုက်ခြင်းကြောင့် ပျက်စီးသွားသော ကင်းလှည့်လေယာဉ်တစ်စင်းကို အာဖဂန်ရဲတပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အီရတ်ရှိ အမေရိကန် တပ်ဖွဲ့များ လျှော့ချရေးစီမံချက် အရှိန်မြှင့်မည်

**ဘဂ္ဂဒက် နိုဝင်ဘာ ၈**

အမေရိကန်အစိုးရသည် မူလစီစဉ်ထားသည်ထက် ခြောက်ပတ်စော၍ တပ်မဟာတစ်ခုကို ယခုလတွင် ပြန်လည်ရုပ်သိမ်းခြင်းဖြင့် အီရတ်နိုင်ငံရှိ တိုက်ခိုက်ရေးတပ်ဖွဲ့များ လျှော့ချရေးစီမံချက်ကို အရှိန်မြှင့်မည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

တိုက်ခိုက်မှုများလျော့ပါးသွားသော ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက်၌ စခန်းချထားသည့် အမှတ် ၁၀၁ လေထီးတပ်မမှ အမှတ် ၂ တပ်မဟာကို ဇန်နဝါရီလ ၁ ရက်နေ့ နောက်ပိုင်းတွင် အီရတ်မှ ထွက်ခွာရန် အစီအစဉ်ရေးဆွဲပြီးဖြစ်သည်။ တပ်မဟာတစ်ခုတွင် တပ်ဖွဲ့ဝင် ၃၅၀၀ ခန့် ပါဝင်သည်။ ပတ်ဝန်းကျင်၌ လုံခြုံရေးတိုးတက်မှုရှိလာသည့်အတွက် ရက်သတ္တခြောက်ပတ်စော၍ ပြန်လည်ရုပ်သိမ်းရန် အကြောင်းဖြစ်လာသည်ဟု စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဘီလ်ဘတ်နားက ပြောကြားသည်။

အိမ်ဖြူတော်မှ ထွက်ခွာတော့မည့် သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်က အီရတ်နိုင်ငံတွင် တပ်မဟာ ၁၅ ခုချထားရာမှ ၁၄ ခု သို့လျှော့ချမည်ဟု စက်တင်ဘာလအတွင်းက ကြေညာခဲ့သည်။ မူလထက်စော၍ ရုပ်သိမ်းခြင်းသည် တပ်လျှော့ချရေးအား အစီအစဉ်ရေးဆွဲထားသည့်အတိုင်း ဆောင်ရွက်မည်ဟု အဓိပ္ပာယ်သက်ရောက်ကြောင်း ဘတ်နားက ပြောကြားသည်။

လာမည့်ဇန်နဝါရီလတွင် တာဝန်ထမ်းဆောင်မည့် အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခြင်းခံရသော ဘာရက်အိုဘားမားသည် ၂၀၁၀ ပြည့်နှစ်လယ်ခန့်တွင် အီရတ်နိုင်ငံမှ အမေရိကန်တိုက်ခိုက်ရေးတပ်ဖွဲ့များကို ရုပ်သိမ်းမည်ဟု မဲဆွယ်စည်းရုံးခဲ့စဉ်က ကတိပေးခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ။**

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံ ဝန်ကြီးချုပ်များ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတအား ဂါရဝပြုတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

**ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် တတိယအကြိမ် ACMECS(အက်မက်စ်) ထိပ်သီးအစည်းအဝေးနှင့် စတုတ္ထအကြိမ် CLMV(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာဆွမ်ချိုင်းဝမ်ဆာဝပ်တို့နှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာငုယင်မန်ကျစ်အား နိုဝင်ဘာ ၇ရက် ညနေ ၄နာရီခွဲတွင် ဟနွိုင်းမြို့ သမ္မတနန်းတော်သို့ သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်သည်။**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ACMECS အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များသည် သမ္မတနန်းတော်သို့ ရောက်ရှိကြရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာငုယင်မန်ကျစ်က ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ACMECS အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာငုယင်မန်ကျစ်အား ဂါရဝပြုတွေ့ဆုံသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာငုယင်မန်ကျစ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်များ၏ ကိုယ်စား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာဆွမ်ချိုင်းဝမ်ဆာဝပ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဂါရဝပြုတွေ့ဆုံပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)



## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာငုယင်မန်ကျစ် ဟနွိုင်းမြို့ သမ္မတနန်းတော်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



## တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးချုပ်များ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ငုယင်မန်ကျစ်အား ဟနွိုင်းမြို့ သမ္မတနန်းတော်တွင် တွေ့ဆုံနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် အက်မက်စ်ခေါင်းဆောင်များ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုဝင်ဘာ ၆ရက် ည ၇နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ Sofitel Plaza Hotel ၌ကျင်းပသည့် ACMECS (အက်မက်စ်)ခေါင်းဆောင်များ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်သည်။**

အဆိုပါ အလုပ်သဘော ညစာစားပွဲသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာဆွမ်ချိုင်းဝမ်ဆာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ACMECS အရာရှိကြီးများခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် ACMECS (အက်မက်စ်)အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တတိယအကြိမ်မြောက် ACMECS(အက်မက်စ်)ထိပ်သီးအစည်းအဝေး ပြင်ဆင်စီမံထားရှိမှုများနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ညစာစားပွဲ၌ ACMECS (အက်မက်စ်) ခေါင်းဆောင်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့သည် အလုပ်သဘောရင်းရင်းနှီးနှီးဆွေးနွေးကြသည်။(သတင်းစဉ်)



## တက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ခေါင်းဆောင်များ၏ အလုပ်သဘောညစာ စားပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

## အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၈**

နိုဝင်ဘာ ၇ရက် မြန်မာစံတော်ချိန် ၂၂ နာရီ ၃၄ မိနစ် ၂၁ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၂၈၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(အင်ဒိုနီးရှားနိုင်ငံ)နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

အတည်ပြုချိန် ၃း၁၅

# ပဲခူးရိုးမနှင့် မြန်မာ့ကျွန်း

သောင်းညွန့်သစ်

သစ်တောဦးစီးအရာရှိ ဦးသန်းဝင်းနှင့်အဖွဲ့ နံနက်စောစော ဂျစ်ကားတစ်စီးဖြင့် ရောက်လာသည်။

"အဆင်သင့် ဖြစ်ပြီလား" ဦးသန်းဝင်းက ဦးစွာနှုတ်ခွန်းဆက်သည်။

"သစ်တောသမားပဲဗျာ၊ မိုးလင်းတာနဲ့ အဆာခံထမင်းစားပြီးပြီ၊ ဝတ်စုံအသင့်ဝတ်ပြီးပြီ၊ ပဲခူးရိုးမခရီးစဉ် ဘယ်ကစတက်ကြမှာလဲ"

"တောင်လှိုင်ရိုးမကြိုးဝိုင်းကို အရင်သွားမယ်၊ ပြီးမှ ဥက္ကံကြိုးဝိုင်း မြစိမ်းတောင်ညိုတောင်ဘက်ကို တက်ကြတာပေါ့ဗျာ၊ ခရီးဆက်ကြစို့"

မိမိတို့သစ်တောအဖွဲ့ ဂျစ်ကားလေးသည် တိုက်ကြီးမြို့အရှေ့ဘက် ပဲခူးရိုးမကို ဖြတ်ကျော်သော ဒေသအခေါ် တိုက်ကြီး၊ ကိုင်းကွင်းကြီး၊ ဖူးကြီး၊ ဖောင်ကြီး(ကြီးလေးကြီးလမ်း) တပ်မတော်အစိုးရလက်ထက် ဖောက်လုပ်ထားသည့် တိုက်ကြီး-ဖောင်ကြီးကားလမ်းမကြီးအတိုင်း တရိပ်ရိပ်ဖြင့် လာခဲ့ကြသည်။ ပတ်ဝန်းကျင်ကားလမ်းဘေး ဝဲယာတစ်လျှောက် တောင်ယာစိုက်ခင်း ဥယျာဉ်ခြံများ၊ အရိပ်ရသစ်ပင်များဖြင့် အစီအရီ တွေ့နေရသေးသည်။ အိမ်တိုင်းမှာသစ်ပင်၊ ရွာစဉ်မှာ တောတန်း တစ်တောဝင် တစ်တောင်ဆက် မြို့တက်မယ့်လမ်းဆောင်ပုဒ်အတိုင်း သာယာဖြောင့်ဖြူးသော လမ်းမကြီးဖြစ်ပါသည်။ မြို့စွန်မှထွက်လိုက်သည်နှင့် တောပန်း၊ တောင်ပန်းရနံ့တို့ဖြင့် အေးမြသန့်ရှင်းလတ်ဆတ်လှသည့် လေပြည်လေနုအေးကို တဝကြီးရှူရှိုက်လိုက်ရ၍ စိတ်ကိုလန်းဆန်းစေသည်။

ပဲခူးရိုးမကြီး၏ တည်ဟန်သည် မြောက်ဘက်မကွေးနယ်မှ တောင်ဘက်ပဲခူးနယ်အထိ တောင်-မြောက်အလျားမိုင်သုံးရာကျော် ရှည်လျားသွယ်တန်းစွာ ရှိနေသည်။ ပဲခူးရိုးမကြီး၏ ထူးခြားသောဂုဏ်ဒြပ်သည် မြန်မာ့ဂုဏ်ဆောင် ကမ္ဘာကျော် မြန်မာ့ကျွန်းသစ်ထွက်ရှိရာ ဘူမိနက်သန်ဖြစ်ပေသည်။ သစ်တောဦးစီးဌာနက ပဲခူးရိုးမကြီးအား ကျွန်းကောင်းပေါက်ရာဒေသ (Home of Good Teak Forest) ဟု မှတ်တမ်းတင်ထားသည်။

ကမ္ဘာပေါ်တွင် သဘာဝအလျောက် ကျွန်းတောပေါက်ရောက်သော အဓိကနိုင်ငံ လေးနိုင်ငံသာရှိသည်။ မြန်မာ၊ အိန္ဒိယ၊ ထိုင်းနှင့် လာအိုတို့ဖြစ်သည်။ မြန်မာ့သဘာဝ ကျွန်းတောထွက် ကျွန်းသစ်များသည် ကမ္ဘာပေါ်တွင် အကောင်းဆုံး၊ လူကြိုက်အများဆုံး ကျွန်းသစ်အဖြစ် နှစ်ပေါင်းများစွာ သရဖူဆောင်းခဲ့သည်။ပဲခူးရိုးမကျွန်းတောများနှင့် ပတ်သက်၍ ထင်ရှားသော ကျွန်းသစ်သမိုင်းများ ကမ္ဘာတိုင်အောင် မော်ကွန်းတင်ခဲ့ပေသည်။

ယခင် ကမ္ဘောဇတိုင်း ယခုပဲခူးတိုင်းရှိ ကမ္ဘောဇသာဒီ ရွှေဟောင်းနန်းတော်မြေနေရာအား ပြန်လည်တူးဖော်စဉ်က မြန်မာမင်းများလက်ထက် နန်းတော်ဆောင်သုံး ကျွန်းတိုင်လုံးကြီးများကို နှစ်ပေါင်းရာချီပြီး မြေကြီးထဲ နစ်မြုပ်နေရာမှ တူးဖော်ရရှိခဲ့သည်။ သမိုင်းအထောက်အထားအရ မြန်မာသက္ကရာဇ် ၆၁၅ခုနှစ် နတ်တော်လဆန်း ၁၃ရက်နေ့တွင် တည်ဆောက်ခဲ့သဖြင့် ယနေ့ဆိုလျှင် နှစ်ပေါင်း ၄၅၀ကျော်ခဲ့ပေပြီ။ သို့တိုင်အောင် ကျွန်းတိုင်လုံးကြီးများသည် မဆွေးမမြည့် ပကတိအရောင်အသွေးမပျက် ပြန်လည်တွေ့ရှိရသည်။ တိုင်လုံးကြီးများ၏ ထိပ်ဝလုံးပတ်ခုနစ်ပေမှ ရှစ်ပေအထိရှိသည်။ ပဲခူးရိုးမဒေသရင်း ကျွန်းတောထွက် မြန်မာ့ကျွန်းသစ်၏ ဂုဏ်သိက္ခာနှင့် စပ်လျဉ်း၍ အံ့မခန်းအောင်ပင် လက်တွေ့သိရှိရသည်။

မြန်မာပြည်တွင် သင်္ဘောတည်ဆောက်ကုန်သွယ်ခြင်းကို ၁၈၄၂ခုနှစ်က တီဒီဖင်လေးနှင့်သားများကုမ္ပဏီ (TD.FINDLAY & Sons Co.,Ltd.) ကစတင်ခဲ့သည်ထိုအချိန်က ကမ္ဘောဇတိုင်းယခု(ပဲခူးတိုင်း)တောင်ပိုင်းသန်လျင်နယ် ကျွန်းသစ်တောများတွင် အခြေစိုက်သစ်ထုတ်လုပ် တည်ဆောက်ခဲ့ကြသည်။ မြန်မာ့ရေမြေဒေသရင်း သဘာဝကျွန်း သစ်တောကြီးများသည် နိုင်ငံတော်၏ ထက်ဝက်ဧရိယာနီးပါးမျှ ပျံ့နှံ့ပေါက်ရောက်ခဲ့၏။ အကြမ်းအားဖြင့် ဒီရေတောဒေသနှင့် ပင်လယ်ရေမျက်နှာပြင်အမြင့် မီတာ ၉၂၀အထက်တွင်သာ ပေါက်ရောက်ခြင်းမရှိပေ။ သစ်တောဦးစီးဌာန၏ ၁၉၉၀ ပြည့်နှစ်မတိုင်မီက မှတ်တမ်းတင်ထားသော ကိန်းဂဏန်းများအရ ကမ္ဘာ့ သဘာဝကျွန်းတောပေါက်ရောက်မှု ဟက်တာ ၂၇ ဒသမ ၂၉သန်းရှိသည့်အနက် မြန်မာတွင် ဟက်တာ ၁၆ဒသမ ၅၂သန်းရှိသဖြင့် ကမ္ဘာ့သဘာဝ ကျွန်းတောဧရိယာ၏ ထက်ဝက်ကျော် ၆၀ဒသမ ၅ရာခိုင်နှုန်း ရှိကြောင်း မှတ်သားရသည်။ ပဲခူးရိုးမ သစ်တောဧရိယာသည် ဧက ၁၂ ဒသမ ၅၃သန်း ရှိပေရာ သဘာဝကျွန်းတော အလျှံပယ်ပိုင်ဆိုင်ခဲ့ပေသည်။

သို့ရာတွင် မြန်မာ့သစ်တောများ၏ ဖြတ်သန်းရာကာလ ကံကြမ္မာသည် လွန်စွာဆိုးရွားခဲ့သည်။ ၁၉၄၂-၄၅ခုနှစ် ဂျပန်ခေတ်ကာလ၊ ထို့နောက် ရောင်စုံ သောင်းကျန်းသူခေတ်၊ စစ်ကြို/စစ်ပြီးခေတ် တစ်လျှောက် ပဲခူးရိုးမတွင် နှစ်ကာလအတန်ကြာ လက်နက်ကိုင်အဖွဲ့တို့ ကြီးစိုးခဲ့ကြသဖြင့် သစ်တောအုပ်ချုပ်မှု လုံးဝကင်းမဲ့ပြီး ပရမ်းပတာသစ်ထုတ်ခုတ်ယူမှု၊ ဖျက်ဆီးမှု ဒဏ်ချက်များကြောင့် သစ်တောပြုန်းတီးမှုများရှိခဲ့ပေသည်။ ထို့အပြင် တစ်နှစ်ထက်တစ်နှစ် တိုးပွားများပြားလာသော လူဦးရေအတွက် သစ်၊ ထင်း၊ ဝါး၊ မီးသွေးနှင့် သစ်တောထွက်ပစ္စည်းလိုအပ်မှု၊ ကျယ်ပြန့်လာသော စီးပွားရေး၊ စက်မှုလုပ်ငန်းများနှင့် စိုက်ပျိုးမြေယာတိုးချဲ့မှုများအတွက် သစ်တောများကသာ နေရာပေးဖြည့်ဆည်းပေးရခြင်းများကြောင့် ပြုန်းတီးလျော့ပါးမှုများ ရှိခဲ့ပေသည်။

မည်သို့ဆိုစေ တစ်ချိန်ကလူဦးရေသည် ၁၂သန်း၊ ၁၆သန်းသာ ရှိခဲ့သော ကာလဖြစ်သည်။ ကျေးလက်ပြည်သူအများစုတို့က မြေကြီးနှင့် သစ်တောကို အားထားလုပ်ကိုင်စားသောက်ခြင်းဖြင့် ဘဝရပ်တည်ကြသူများဖြစ်သည်။ အဆမတန် တိုးပွားလာသော လူဦးရေအတွက် တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစား၊ တစ်ဧကမှ ဧကများစွာ တိုးချဲ့ရေး စသည့်နည်းလမ်းများဖြင့် မြေယာအသုံးချရေးမူ(Land used policy)က ပြောင်းလဲလာ ခဲ့ပေပြီ။ ကျွန်းတောသမိုင်းများနှင့်စပ်လျဉ်း၍အတွေးအမျှင်တန်းနေမိသည်။

"ကဲ. . . ရောက်ပြီ၊ ဒီစခန်းက တောင်လှိုင်ရိုးမကြိုးဝိုင်းအကွက် ၂၀ လေးတိုင်စင်ပျိုးဥယျာဉ်စခန်းပဲ။ ကျွန်းစိုက်ခင်းတွေအတွက် လိုအပ်တဲ့ ပျိုးပင်တွေကို ဒီကနေဖြန့်ပို့ပေးရတာပါ" ဦးသန်းဝင်း စကားစလိုက်မှပဲ ကားပေါ်က ဆင်းကာ လှေလာရေးရတော့သည်။

ဦးသန်းဝင်းအဖွဲ့နှင့်အတူ ကျွန်းစိုက်ခင်းများအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။ လူတစ်ရပ် လက်ခုပ်တစ်ဖောင်ကျော်ကျွန်းပင်ပျိုများသည် ၉ပေ× ၉ပေကြား ပန္နက်ရိုက်စီတန်းပြီး စနစ်တကျအကွက်ရိုက်စိုက်ပျိုးထားခြင်းဖြစ်၍ တောင်ကုန်း၊ တောင်စွယ်များတွင် စီတန်းစိမ်းညို့လျက် လေအဝှေ့တွင် ပင်ဖျားတို့ တလှုပ်လှုပ်ဖြင့် လှိုင်းခတ်ဝင့်ကြွားလျက်ရှိနေသည်။ နောင်တစ်ချိန်တွင် သဘာဝကျွန်းတောကြီးများအသွင် မြန်မာ့ဂုဏ်ဆောင်မည့် အနာဂတ်၏ ရတနာ ကျွန်းပင်များအဖြစ် အလားအလာကောင်းကို ညွှန်ပြလျက်ရှိနေသည်။



**လူတစ်ရပ် လက်ခုပ်တစ်ဖောင်ကျော်ကျွန်းပင်ပျိုများသည် စနစ်တကျ အကွက်ရိုက်စိုက်ပျိုးထားခြင်းဖြစ်၍ တောင်ကုန်း၊ တောင်စွယ်များတွင် စီတန်းစိမ်းညို့လျက် လေအဝှေ့တွင် ပင်ဖျားတို့ တလှုပ်လှုပ်ဖြင့် လှိုင်းခတ်ဝင့်ကြွားလျက်ရှိနေသည်။**

"ဒီစိုက်ခင်းက ၂၀၀၁ခုနှစ် ဧက၅၀စိုက်ကွက်၊ ၈၀ ရာခိုင်နှုန်းရှင်သန်အောင်မြင်မှုရှိတယ်၊ ဌာနဆိုင်ရာစနစ်နဲ့ ယာစနစ်ပါတွဲပြီးလုပ်ခဲ့ကြလို့ ခုလိုအောင်မြင်ခဲ့တာ။ တောင်လှိုင်ရိုးမကြိုးဝိုင်းမှာ ကျွန်း၈၂ဧကနဲ့ ရေဝေရေလဲ စိုက်ခင်းဧက၁၂၅၀ စုစုပေါင်း သစ်တောစိုက်ခင်း ၁၃၃၂ ဧက စိုက်ပျိုးခဲ့ပြီးပါပြီ"ဟု ရှင်းပြသည်။

ဌာနဆိုင်ရာ ယာစနစ်ဆိုသည်မှာ စိုက်ခင်းလုပ်ငန်းများကို လုပ်သားငှားရမ်းပြီး သတ်မှတ်လုပ်ခပေးချေ၍ လုပ်ကိုင်ခြင်းဖြစ်သည်။ ယာစနစ်ဆိုသည်မှာ စိုက်ခင်းဧရိယာအတွင်းမှာ ရာသီသီးနှံစိုက်ပျိုးသူ ယာသမားများကို သင့်တော်သလို မြေယာဧကခွဲဝေချထားပေးပြီး ဌာနစိုက်ခင်းလုပ်ငန်းများနှင့် တွဲဖက်၍ ရာသီသီးနှံများကိုတစ်ပါတည်း စိုက်ပျိုးလုပ်ကိုင်စေခြင်းဖြစ်သည်။ ရှေးယခင်ကရှင်သန်သည့် ကျွန်းပင်အရေအတွက်ပေါ် ဆုကြေးငွေပေးခဲ့သည်။ ယခုအခါ ရှင်ပင်ဆုအဖြစ်မပေးတော့ဘဲ သတ်မှတ်လုပ်အားခများအတိုင်း ပေးချေလျက်ရှိကြောင်း သိရသည်။

"အချိန်ရှိတုန်း ဥက္ကံကြိုးဝိုင်းဘက် ဆက်တက်ကြရအောင်၊ တောင်ညိုစခန်းကျမှနားရင်း လှေလာရေးဆက်ကြတာပေါ့"ဟု ဦးသန်းဝင်းက ခရီးစဉ်ကို ဆက်လိုက်သည်။

လမ်းခရီးတစ်လျှောက် သစ်ပင်၊ သစ်တော ခပ်ကျဲကျဲနှင့် ဝါးတောကြီးများသာ အုံ့ဆိုင်းမှိုင်းညို့နေသည်ကို တွေ့ရသည်။

မြစိမ်းတောင်ညိုရှိရာ ဥက္ကံကြိုးဝိုင်းနှင့် တောင်လှိုင်ရိုးမကြိုးဝိုင်းသည် ခရီးမိုင် ၄၅မိုင်ခန့် ကွာဝေးသည်။ တစ်ချိန်က တောလမ်းခြေကျင်ခရီးဖြင့် လမ်းခရီးတစ်ထောက် တစ်ညအိပ်ပြီးမှ ရောက်နိုင်သည်။ ယခုမူ ရိုးမဖြတ်ကျော် ခရိုင်ချင်းဆက်လမ်းမကြီးကျေးဇူးကြောင့် မိမိတို့အဖွဲ့ ဂျစ်ကားလေးသည် တစ်နာရီခွဲခရီးဖြင့် ဥက္ကံကြိုးဝိုင်းစိုက်ခင်းစခန်းသို့ ရောက်ခဲ့ကြ၏။

"ဒီနေရာက ဥက္ကံကြိုးဝိုင်း အကွက်အမှတ်(၅၈)ပဲ၊ ၂၀၀၆-၂၀၀၇ခုနှစ် ၆၂၅ဧကစိုက်ခင်း၊ ကျွန်းပင်ပေါင်း ၃၃၇၅၀၀ စိုက်ပျိုးခဲ့ပြီးပြီ။"

ဦးသန်းဝင်း ညွှန်ပြရာသို့ လှမ်းမျှော်ကြည့်ရာ ပဲခူးရိုးမကြီးပေါ်မှာ ကျွန်းပင်ပျိုများ အစုလိုက်၊ အပြုံလိုက်၊ အုပ်လိုက်၊ သင်းလိုက် တစ်ခွင်တစ်ပြင်ကြီးဖြစ်နေပေပြီ။ ကြီးထွားမှုအရှိန်ကောင်းနေသော သက်နုကျွန်းစိုက်ခင်းကြီးများပင်ဖြစ်သည်။ လောကဓမ္မတာအတိုင်း အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းပျောက်ကွယ်ရာမှာ အသစ်အသစ်တို့ဖြစ်တည် နေရာယူလာကြစမြဲပင် ဖြစ်ပေသည်။

ယာယီစိုက်ခင်းပျိုးဥယျာဉ် ရှင်းလင်းဆောင်မှာနားရင်း ဦးသန်းဝင်းက ပဲစိမ်းဝေါဟာရဖြင့် ရေပန်းစားနေသည့် **"ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်း"** လုပ်ငန်းများအကြောင်း ရှင်းပြသည်။

"ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်ကနေ ၂၀၀၇-၂၀၀၈ခုနှစ်အထိ လေးနှစ်ဆောင်ရွက်ခဲ့ရပါတယ်။ ရိုးမကြီးရဲ့အနောက်ဘက်ခြမ်းနဲ့ အရှေ့ဘက်ခြမ်းဒေသများမှာ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း တိုင်းလေးတိုင်းအနက်မှာ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သာယာဝတီခရိုင်၊ သရက်ခရိုင်၊ မကွေးခရိုင်၊ ပြည်ခရိုင်၊ တောင်ငူခရိုင်နဲ့ ရမည်းသင်းခရိုင်စတဲ့ ခရိုင်ရှစ်ခုပါဝင်တယ်။ ပဲခူးရိုးမနဲ့ဆက်စပ်တဲ့ မြို့နယ်ပေါင်း ၃၁မြို့နယ်ကိုလည်း စီမံကိန်းဧရိယာထဲ ထည့်သွင်းထားပါတယ်"

"လုပ်ငန်းကဏ္ဍတွေကတော့ သဘာဝသစ်တော ထိန်းသိမ်းခြင်း၊ သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းများ တည်ထောင်ခြင်း၊ စံပြသစ်တောများ တည်ထောင်ခြင်း၊ လူထု ပူးပေါင်းပါဝင်စေသည့် တိုးချဲ့ပညာပေးလုပ်ငန်းများ ဖော်ထုတ်ခြင်း၊ သဘာဝကျွန်းတော ထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်း၊ ထင်းအစားထိုး လုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ခြင်းနဲ့ သစ်တောသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းစတဲ့ လုပ်ငန်းကဏ္ဍ(၁၀)မျိုး စနစ်တကျ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဇုန်(၁) မှာပါဝင်တဲ့ တိုက်ကြီးမြို့နယ်မှာ စီမံကိန်းကာလ လေးနှစ်အတွင်း ကျွန်းစိုက်ခင်း၂၂၀၇ဧက၊ ရေဝေရေလဲ စိုက်ခင်း ဧက၃၅၀၀၊ ခြံစည်းရိုးကြက်ဆူ၇၅ ဧကနဲ့ အခြားဧက၅၀ စုစုပေါင်း စိုက်ခင်း ၅၈၃၂ဧက စိုက်ပျိုးပြီးစီးပါပြီ။ ခုဆိုရင် ထိန်းသိမ်းကာကွယ် ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပြီဖြစ်ပါတယ်"

"ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုတာကိုရှင်းပြပါဦး"

"ဒေသခံလူထုတို့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ကိုင်ရတဲ့ သစ်တောလုပ်ငန်း တစ်ခုပါပဲ။ ဒေသခံပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ထင်းနဲ့ အခြားသစ်တောထွက်ပစ္စည်းများ မလုံလောက်တဲ့ နယ်မြေတွေမှာ သစ်တောအုပ်များ ထူထောင်ခြင်း၊ အစားအစာ၊ လူသုံးပစ္စည်းနဲ့ ဝင်ငွေရရှိစေရန်အတွက် သစ်ပင်များစိုက်ပျိုးခြင်း၊ အချိန်တန်တဲ့အခါ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခြင်းတို့ကို ဆိုလိုတာပါ။ User Group ခေါ်တဲ့ သုံးစွဲသူများအဖွဲ့ဖွဲ့ပြီး မြေလွတ်မြေရိုင်းတွေ လျှောက်ထားရယူပြီး လွတ်လပ်စွာ လုပ်ကိုင်ခွင့် ပေးထားပါတယ်"

ဦးသန်းဝင်းက ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်းလုပ်ငန်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောပြခဲ့ပါသည်။

သစ်တောရေးရာဝန်ကြီးဌာနသည် ပဲခူးရိုးမ စီမံကိန်းသာမက ပဲခူးရိုးမအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကျွန်းအထူးစီမံကိန်း (Special Teak) ကိုလည်း ၁၉၉၈-၁၉၉၉ခုနှစ်မှစ၍ ၂၀၀၂-၂၀၀၃ခုနှစ်အထိ ငါးနှစ်ဆက်တိုက် တစ်နှစ်လျှင် ဧက ၂၀၀၀၀နှုန်းဖြင့် ဧကပေါင်း တစ်သိန်း စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ငါးနှစ်စီမံကိန်းခုနစ်ကြိမ်၊ ၃၅နှစ် တိုင် ၂၀၀၃-၂၀၀၄ မှ ၂၀၃၇-၂၀၃၈ အထိ ပထမငါးနှစ်အတိုင်း စိုက်ပျိုးတည်ထောင်သွားရန် စီမံကိန်းချမှတ် ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရပေသည်။

မြန်မာ့မူလသဘာဝကျွန်းတောကြီးများ၏ ဂုဏ်ဒြပ်သည် ဘယ်ခေတ်ကာလမျှ လုံးဝတိမ်ကောပျောက်ကွယ်သွားမည် မဟုတ်ပါ။ နိုင်ငံတော်၏ ဦးဆောင်တွန်းအားပေး ဆောင်ရွက်မှုများဖြင့် သစ်တောရေးရာဝန်ကြီးဌာန၏ ကျွန်းအထူးစီမံကိန်းကြီးများ၊ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်းကြီးများနှင့်အတူ ယခုအခါ ကျွန်းအပါအဝင် သစ်တောစိုက်ခင်းများ စိုက်ပျိုးတည်ထောင် ထုတ်လုပ်ခွင့်များကို ဥပဒေနှင့်အညီ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီ၊ ဖက်စပ်အဖွဲ့အစည်းများအား မြေလွတ်မြေရိုင်းများ ချထားပေးပြီး ခွင့်ပြုနေပြီဖြစ်သည်။

တိုက်ကြီးမြို့နယ်ပဲခူးရိုးမဧရိယာအတွင်းမှာပင် ကုမ္ပဏီနှင့်အဖွဲ့အစည်း၊ လုပ်ငန်းရှင်အဖွဲ့ပေါင်းခြောက်ဖွဲ့တို့သည် ကျွန်း၊ ပျဉ်းကတိုးသစ်တောစိုက်ခင်းများနှင့်အတူ ရော်ဘာ၊ နှစ်တို၊ နှစ်ရှည်သီးနှံပင်များသာမက ဇီဝလောင်စာဆီ ခြံစည်းရိုးကြက်ဆူစိုက်ခင်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေကြပေပြီ။

သို့ဖြစ်ရာ ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုးနှင့် ရော်ဘာ၊ ဇီဝလောင်စာကြက်ဆူနှင့် နှစ်တိုနှစ်ရှည် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများဖြင့် ပဲခူးရိုးမတစ်ခွင် စိမ်းလန်းစိုပြည်လျက်ရှိနေပေသည်။ မြန်မာ့ကျွန်းသစ်တောကြီးများ ရေရှည်ဖွံ့ဖြိုးတည်တံ့ရေးအတွက်သစ်တောအနီးနေထိုင်ကြသော သစ်တောမှီခိုသူများ၊ သစ်တောအတွင်းနေထိုင်သူများနှင့် ဒေသခံကျေးရွာသားများ၊သစ်တောအခြေခံလူအများစုတို့သည် ဒါ-တို့သစ်တော၊ တို့ဒေသ၊ တို့ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်မှု၊ စိုက်ပျိုးထားကြမှုဆိုသည့် ကိုယ်တိုင်အသိအမြင်များဖြင့် ပူးပေါင်းပါဝင်ခြင်းရှိလာကြပါလျှင် ပိုမိုအောင်မြင်နိုင်မည်ဖြစ်ပေသည်။

ရှေးမြန်မာမင်း အလောင်းမင်းတရားကြီးက ကျွန်းနှင့်ပတ်သက်၍ "တော်ဝင်ကျွန်း"ဟု အမိန့်တော်ပြန် သတ်မှတ်ခဲ့သည်။ ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် "ရတနာသစ်ပင်"၊ "ရတနာကျွန်း"ဟု ရတနာဖြင့်တင်စား၍ ရတနာတန်းဝင်အဖြစ် သတ်မှတ်ခဲ့သည်။

သမိုင်းကာလ ရာနှင့်ချီ၍ မော်ကွန်းတင်ခဲ့သော ကမ္ဘာကျော်မြန်မာ့ဂုဏ်ဆောင် မြန်မာ့ကျွန်းသစ်သည် တစ်ချိန်သောကာလ၌ ကမ္ဘာမှာ မြန်မာမှာသာ ရှာတွေ့နိုင်တော့မည့် ကမ္ဘာ့ဈေးကွက်ထိပ်တန်းဝင် မြန်မာ့ကျွန်း၊ ကမ္ဘာ့ကျွန်း၊ မဟာကျွန်း၊ ရတနာကျွန်းဟူသော ဂုဏ်ဒြပ်တို့ဖြင့် ထာဝစဉ်တည်တံ့နေမည်သာ ဖြစ်ပေသည်။ ။

# လမ်းသစ်ဖောက်လုပ်ခြင်း လုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၈

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် ပါဝင်သော မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ပြင်စလူ လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဝန်ကြီးအား မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ပြင်စလူ လမ်း၊ ညောင်ချောင်း-မယ်ဇလီအပိုင်း ညောင်ပိတ်ရွာအနီး မိုင်တိုင်အမှတ် (၅/၆)နှင့်(၆/၇)ကြား၌စက်ယန္တရားများဖြင့် မြေသားတာပေါင်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းညွန့်က ရှင်းလင်းတင်ပြရာ ဝန်ကြီးကပွင့်လင်းရာသီတွင် မြေတင်ခြင်း၊ လမ်းပုံဖော်၍ လမ်းသားမြေကြိတ်ခြင်း လုပ်ငန်းများဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက်ဝန်ကြီးသည်စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကျေးရွာနေ ပြည်သူများအတွက် သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရန် အသက်ကယ်ရေလွတ်တောင်ကုန်း (Hillock) များ ထည့်သွင်း တည်ဆောက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မော်လမြိုင်ကျွန်း-လှိုင်းဘုန်း အပိုင်း ထီးလေးသိမ်ကျေးရွာ မိုင်တိုင်(၂/၇) မိုင်၌ စက်ယန္တရားဖြင့် လမ်းတာပေါင်မြှင့်တင်နိုင်ရန်နှင့် လမ်းသားသိပ်သည်းမှုရရှိရန် လမ်းမျက်နှာပြင်ညှိ၍ ကြိတ်နေမှုနှင့် မိုင်တိုင်(၂/၀)မိုင်ရှိ မော်လမြိုင်ကျွန်းနှင့် ထီးလေးသိမ်အပိုင်း၌ ရိုးချောင်းအတွင်းပိုင်းရှိ ရွှံ့နွံတောကိုဖြတ်သန်းရန် Geotextile နည်းဖြင့် Polyfelt အစား ပီနံအိတ်နှင့် မိုးကာဖျင်စ အသုံးပြု၍ လမ်းတာပေါင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ရေယာဉ်ဖြင့် မော်လမြိုင်ကျွန်းမြို့အဝင်၌ မြင်းကကုန်းမြစ်ကို ဖြတ်ကျော် တည်ဆောက်မည့် မြင်းကကုန်းတံတား လျာထားတံတား အုကြောင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဥပဒေပညာဌာန အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ၁၉၈၂ခုနှစ်မှ ၁၉၈၈(၉၁) ပညာသင်နှစ် ဥပဒေတွဲ့ရကျောင်းသား၊ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက်တွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဥက္ကဋ္ဌ ဦးဘတင့်ဆွေ ဖုန်း- ၇၂၂၄၇၄၊ အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း- ၃၈၉၆၅၁(ရုံး)၊ မန္တလေး ဒေါ်တင်တင်ဝါ ဖုန်း- ၀၉ ၅၀ ၁၈၇၄၀၊ ပျဉ်းမနား ဦးလှဝင်း ဖုန်း-၀၆၇-၂၂၀၆၂၊ တောင်ကြီး ဦးသောင်းနိုင် ဖုန်း- ၀၃၄-၃၂၀၉၆၊ တောင်ငူ ဒေါက်တာခင်ချစ်ချစ် ဖုန်း- ၀၉ ၅၃ ၅၀၉၅၈၊ တောင်ကြီး ဦးဝင်းဦး ဖုန်း- ၀၈၁-၂၂၈၆၇၊ ပဲခူး ဦးစိုးလွင် ဖုန်း- ၀၉ ၅၃ ၀၀၅၄၆၊ သထုံနှင့် မော်လမြိုင် ဒေါ်သဇင်စိုး ဖုန်း- ၀၅၇-၄၀၀၁၉နှင့် ပုသိမ် ဦးအောင်မြင့် ဖုန်း- ၀၄၂-၂၄၃၈၁၊ ပြည် ဦးဝင်းရွှေ ဖုန်း- ၀၅၃-၂၁၄၄၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)





မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ယာဉ်သွားလမ်းများ အဆင့်မြင့်ရေး စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင် ဦးညီညီနှင့် ဌာနမှူးများ လိုက်ပါ၍ နိုဝင်ဘာ ၅ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ယာဉ်သွားလမ်းများအဆင့်မြင့်စေရေးအတွက်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) က လူအား၊ စက်ယန္တရားအားတို့ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေမှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်သည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ဘုရင့်နောင်လမ်းသို့ ရောက်ရှိပြီး လမ်းအဆင့်မြင့်ရေးအတွက် ကတ္တရာ ကွန်ကရစ်ထပ်ပိုးလွှာ ခင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်း ပြသကြသည်။

အဆိုပါ ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းလျက်ရှိသည့် ကမာရွတ်မြို့နယ်ရှိ ဘုရင့်နောင်လမ်းအပိုင်းသည် လမ်းအရှည် ၄၉၁၀ ပေနှင့် အကျယ် ၇၂ပေရှိကြောင်း သိရသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၁၄)ရပ်ကွက်ရှိ မန္တလေးလမ်းသို့ သွားရောက်ပြီး ကျောက်ချောကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ခင်းရန် ကျောက်စီခင်းနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ အဆိုပါ ကျောက်ချောကတ္တရာခင်းမည့် လမ်းအရှည်မှာ ၈၇၄ပေနှင့် အကျယ်၁၈ပေရှိကြောင်း သိရှိရသည်။ (၁၉)

**ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်း ကတ္တရာ ကွန်ကရစ်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**
(၁၉)



# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

**၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၇ရက်ညနေ ၃နာရီတွင် နေပြည်တော်ဘော်လီဘောကွင်း၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**

ထို့နောက် ပြိုင်ပွဲများကို စတင်ကျင်းပရာ ကွင်းအမှတ်(၁)၌ (က) အုပ်စုမှ နေပြည်တော်စည်ပင်သာယာရေးကော်မတီအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီအသင်းက လည်းကောင်း၊ ကွင်းအမှတ်(၂)၌အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းကလည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် ဝန်ကြီးဌာနအသင်း(၂၉)သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး အုပ်စု(၈)စု ခွဲကာ ပထမအဆင့် အုပ်စုပတ်လည် ၃၉ပွဲ၊ ဒုတိယအဆင့်အုပ်စုပတ်လည် ၂၄ပွဲ၊ တတိယအဆင့်ရှုံးထွက်ပြိုင်ပွဲ၊ အကြိုဗိုလ်လုပွဲ၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲအပါအဝင် ရှစ်ပွဲ စုစုပေါင်းပွဲစဉ် ၇၁ ပွဲဖြင့် ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အတွေးသစ်၊ အမြင်သစ် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် နိုဝင်ဘာ ၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ကုတ်မြို့နယ်ရုံးက ကြီးမှူး၍ စာဖတ်ဝိုင်းကို နိုဝင်ဘာ ၃ရက်တွင် ကံပိုင်ရပ်ကွက်ရှိ အတွေးသစ်၊ အမြင်သစ်စာဖတ်ဝိုင်း အမှတ်(၈)၌ ကျင်းပသည်။

ရှေးဦးစွာ စာဖတ်ဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို မြို့နယ်ဦးစီးမှူး ဦးမြင့်ရွှေက ရှင်းလင်းပြောကြားပြီး စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၏ ရွှေဖိနပ် ရှပ်တိုက်စီး စာအုပ်မှ ပုစ္ဆာသုံးပုဒ်ပုံပြင်ကို မတင်တင်ချိုကလည်းကောင်း၊ စာရေးဆရာ ချစ်စံဝင်း၏ ရည်မှန်းရမည့် ပန်းတိုင် စာအုပ်မှ "ကံဆိုးမိုးမှောင်ကျခြင်းနှင့်ပန်းတိုင်" ဆောင်းပါးကို မသင်းသင်းကြိုင်ကလည်းကောင်း ဖတ်ကြားကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# မော်လမြိုင် ဆရာအတတ်သင်သိပ္ပံ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၈

မော်လမြိုင်ဆရာအတတ်သင်သိပ္ပံတွင် (၂)နှစ်သင်တန်းသို့တက်ရောက်သင်ကြားခဲ့သော ကျောင်းသား၊ကျောင်းသူဟောင်းများက ၁၉၆၆-၆၈ မှ ၁၉၇၁-၇၂ထိ (၂)နှစ်သင်တန်းတွင် သင်ကြားပို့ချခဲ့သောအငြိမ်းစား ဆရာကြီး/ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကျောက်တံတားအထက ရန်ကုန်၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းလိုပါက ဆရာမကြီးဒေါ်လှရီ(ဂီတ)ငြိမ်း ဖုန်း-၃၇၀၅၈၃၊ ဒေါ်ဖြူဖြူဝင်း (ညောင်လေးပင်) မြို့နယ်ပညာရေးမှူး လမ်းမတော်မြို့နယ် ဖုန်း-၂၂၁၉၁၅၊ ဦးစိုး မြင့် (လေးမျက်နှာ) ကျောင်းအုပ်ကြီး အထက (၁)လသာ ဖုန်း-၃၇၄၈၂၁၊ ဒေါ်ခင်စန်းဝင်း(မင်းလှ) ကျောင်းအုပ်ဆရာမကြီး အထက (၁) ကျောက်တံတား ဖုန်း-၃၇၆၇၁၀၊ဒေါ်ရှုကြည်(မြိတ်)အထပြ-ငြိမ်း ဖုန်း-၂၁၀၅၄၀၊ ၀၉-၅၀၆၁၁၈၀၊ ဒေါ်ခင်သန်းအေး(မုဒုံ) လယ်/အုပ်(ငြိမ်း) ဖုန်း-၆၅၃၃၀၆၊ ဒေါ်ခင်စန်းအေး(သာယာဝတီ) ကျောင်းအုပ်ဆရာမကြီး အထက(၃)ဒဂုံမြို့နယ် ဖုန်း-၅၃၅၂၂၅၊ ၂၂၂၇၄၆၊ ဒေါ်လှညွန့်(ဟင်္သာတ)ဖုန်း-၃၇၈၅၈၈၊ ဒေါ်သန်းဌေး(ကျောက်တန်း)ဖုန်း-၅၁၀၇၇၄၊ ဒေါ်မြသိန်း(မုဒုံ) ဖုန်း-၅၈၄၆၅၁၊နော်လွန်းမြ(မှော်ဘီ) ဖုန်း-၆၂၀၃၀၀-Ext-၂၃၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။(၅၄၃)

**ကမာရွတ်မြို့နယ် အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၁ ရက်က ကျင်းပရာ ပထမတန်းမှ ပထမဆုရရှိသော မမေအောင်ကြင်းခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဖုန်း ဆုချီးမြှင့်စဉ်။**
(ကြေးမုံ)






နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် Mr. Somchai Wongsawat ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ National Convention Centre ရှိ အခန်းအမှတ်(၂၄၉-စီ)၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် တွေ့ဆုံနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၈

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် Mr. Somchai Wongsawat သည် နိုဝင်ဘာ ၇ ရက် နံနက် ၁၁ နာရီခွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဟနွိုင်းမြို့ National Convention Centre ရှိ အခန်းအမှတ် (၂၄၉-စီ)၌ တွေ့ဆုံနှုတ်ဆက်သည်။**

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်တို့ တက်ရောက် ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Sompong Amornvitvat၊ ထိုင်း နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေး Mr. Virachai Naewboonnien၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Krit Kraichitti တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများက ဂါရဝပြုနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၈

**ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းအောင်နှင့် ၎င်းတို့၏ဇနီးများ၊ သံရုံး၊ စစ်သံရုံးဝန်ထမ်း များနှင့် မိသားစုများသည် နိုဝင်ဘာ ၅ ရက် ညနေ ၆ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ ကင်းမလမ်း အမှတ် (၂၉၈/က)ရှိ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံး၌ ဂါရဝပြု နှုတ်ဆက်သည်။**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်အား သံအမတ်ကြီး နှင့် စစ်သံမှူးတို့ဦးဆောင်သော သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစု များက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဂါရဝပြု ကန်တော့ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ် မှူးကြီးသန်းရွှေအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှုများကို စဉ်ဆက်မပြတ် ချမှတ်အကောင်အထည်ဖော်စေလျက်ရှိနေပုံ၊ မြန်မာနိုင်ငံအတွင်း မကြုံ စဖူး တွေ့ကြုံခဲ့ရသည့် နာဂစ်လေမုန်တိုင်းကြောင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးခဲ့ရမှုအခြေအနေများ၊ လေဘေးသင့်ပြည်သူများ၏ လူနေမှု ဘဝကို ယခင်ကထက် သာလွန်ကောင်းမွန်သည့်အခြေအနေများ ရရှိ လာစေရန်၊ လေမုန်တိုင်းအပြီး ကယ်ဆယ်ရေးလုပ်ငန်းများနှင့် လေဘေး သင့် ပြည်သူများ၏ နေထိုင်ရေး၊ စားသောက်ရေး၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်း စသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ စေတနာရှင်ပြည်သူလူထု၊ တပ်မတော်၊ လူမှုရေး အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကူညီထောက်ပံ့မှုများ၊ နိုင်ငံတကာ၏ ကူညီထောက်ပံ့မှုများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက် ပေးခဲ့မှုများကိုလည်းကောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် နောင် သဘာဝဘေးအန္တရာယ် ထပ်မံကျရောက်လာပါက ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှု မကြီးမားစေရအောင် ဧရာဝတီတိုင်း အတွင်း လမ်းကွန်ရက်ငါးသွယ် ဖောက်လုပ်ပေးနေမှုနှင့် Cyclone Shelter များ တည်ဆောက်မည့်အစီအစဉ်များကိုလည်းကောင်း၊ နိုင်ငံတော် ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ ဒီမိုကရေစီနိုင်ငံတော် အသွင်ကူးပြောင်းရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီး တစ်ဆင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေများကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သံရုံးဝန်ထမ်းများ အနေဖြင့် သံတမန်ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများကို အမြဲလေးစား လိုက်နာပြီး မြန်မာနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နှစ်နိုင်ငံ၏ အကျိုးစီးပွားဖြစ်ထွန်းရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာ ရေးအတွက် ဦးထိပ်ပန်ဆင် ဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သံအမတ်ကြီး ဦးအောင် သိမ်းနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းအောင်နှင့် ဇနီး၊ သံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်၍ ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်အားပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

## အမှာစကားပြောကြား

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများအား အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



# အာရှအသက်(၁၆)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲ မြန်မာနှင့်ထိုင်းတို့ တစ်ဂိုးစီ သရေကျ

**ရန်ကုန် နိုဝင်ဘာ ၈**

အာရှအသက်(၁၆)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲကို ယနေ့ ဒေသစံတော်ချိန် ညနေ ၆နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ မြို့၌ ကျင်းပသည်။

ပြိုင်ပွဲ၏ပတ်လည်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း နှင့် ထိုင်းအမျိုးသမီးလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုး စီဖြင့် သရေပွဲဖြစ်သွားသည်။ မြန်မာအမျိုးသမီးအသင်းသည် နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းတွင် Australia အမျိုးသမီးအသင်းနှင့် ဒုတိယပွဲစဉ် အဖြစ် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)






# ထိပ်သီး အစည်းအဝေး တက်ရောက်

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စတုတ္ထ အကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံ (စီအယ်လ်အမ်ဗွီ) ထိပ်သီး အစည်းအဝေး တက်ရောက်စဉ်။** (သတင်းစဉ်)

❍ **ကျောဖုံးမှ**

ဝန်ကြီး ဦးစိုးသာ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေး မစတင်မီ စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဝန်ကြီးချုပ်များသည် မွန်းလွဲ၁နာရီ ၅၅မိနစ်မှ စတင်၍ National Convention Centre သို့ ရောက်ရှိလာကြရာ စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေး၏ အလှည့်ကျသဘာပတိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းက ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Ms.Soeung Rath Chavy တို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းတို့က မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ယခု ထိပ်သီးအစည်းအဝေးအတွက် အစစအရာရာ အကောင်းဆုံး စီစဉ်ဆောင်ရွက်ပေးမှုနှင့် ဧည့်ဝတ်ကျေပွန်မှုများအတွက် ဗီယက်နမ်အစိုးရကို အထူးပင် ကျေးဇူးတင်ရှိကြောင်း။

မကြာသေးမီက ဗီယက်နမ်နိုင်ငံမှာ ရေလွှမ်းမိုးမှုကြောင့် အသက်အိုးအိမ် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့မှုအတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား စာနာထောက်ထားပါကြောင်း ပြောကြားလိုကြောင်း။

ဗီယက်နမ်အစိုးရ၏ ထက်မြက်သောဦးဆောင်မှုဖြင့် ရင်ဆိုင်ကြုံတွေ့နေရသောအခက်အခဲများကို မကြာမီကာလအတွင်း ကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံမှာလည်း ယခုနှစ် မေလအတွင်း နာဂစ်လေမုန်တိုင်း တိုက်ခတ်မှုကြောင့် အသက်အိုးအိမ်ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ လေမုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် အိမ်နီးချင်းမိတ်ဆွေနိုင်ငံများမှ ကူညီပံ့ပိုးမှုများပေးအပ်မှု၊ ဆေးဝါးကုသရေးအဖွဲ့များ စေလွှတ်ကူညီပေးခဲ့မှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း။

မိမိတို့သည် အာဆီယံနှင့် ကုလသမဂ္ဂတို့ပါဝင်သော သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ရာ ယခုအချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ပေးနေနိုင်ပြီဖြစ်ကြောင်း။

မိမိတို့ CLMV လေးနိုင်ငံအကြား ညှိနှိုင်းဆောင်ရွက်မှု၊ အပြန်အလှန်အကူအညီပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်စေရန် လွန်ခဲ့သည့် (၄)နှစ်က ချမှတ်ခဲ့သော ဗီယန်ကျင်း ကြေညာချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် အောင်မြင်မှုရလဒ်အသီးအပွင့်များကို တွေ့မြင်ရပြီဖြစ်ကြောင်း။

ယခုကျင်းပသည့် ထိပ်သီးအစည်းအဝေးသည် ဗီယန်ကျင်းကြေညာချက်နှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှု အခြေအနေများကို ပြန်လည်သုံးသပ်ပြီး ပိုမိုထိရောက်လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ရှာဖွေနိုင်ရန် အခွင့်အလမ်း ရရှိနိုင်မှာဖြစ်ကြောင်း။



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် အား စတုတ္ထ အကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံ (စီအယ်လ်အမ်ဗွီ) ထိပ်သီး အစည်း အဝေး အလှည့်ကျသဘာပတိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)




**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ် နိုင်ငံတို့မှ ဝန်ကြီးများနှင့် အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့ စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံ (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးတွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

လက်ရှိကြုံတွေ့နေရသည့် ကမ္ဘာ့ငွေကြေးပြဿနာကြောင့် မိမိတို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်နိုင်ငံများ၏ပံ့ပိုးကူညီမှုများ ကျဆင်းလာမှုကို ကြုံတွေ့ရနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့လေးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် လိုအပ်မည့် ဘဏ္ဍာငွေအရင်းအမြစ်များ ရရှိနိုင်စေရန် မိမိတို့အနေဖြင့် ဆတက်ထမ်းပိုး ကြိုးပမ်းအားထုတ်သွားကြဖို့ လိုအပ်မှာဖြစ်ကြောင်း။

စားနပ်ရိက္ခာရှားပါးမှုနှင့် စွမ်းအင်လုံခြုံရေး ပြဿနာများ ကြုံတွေ့နေရချိန်တွင် စိုက်ပျိုးရေးနှင့် စွမ်းအင်ကဏ္ဍများကို မိမိတို့၏ ဦးစားပေး ပူးပေါင်းဆောင်ရွက်ရေးအဖြစ် ပိုမိုအလေးထား ဆောင်ရွက်ရန် လိုအပ်လာပြီ ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ စက်မှုနှင့်စွမ်းအင်ကဏ္ဍမှာ ဦးဆောင်နိုင်ငံဖြစ်သည့်အလျောက် ဤကဏ္ဍအောက်တွင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်နိုင်စေရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

မိမိတို့ဆောင်ရွက်ရမည့် စီမံကိန်းများ၊ အကောင်အထည်ဖော်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့် စီမံကိန်းများကို ဦးစားပေးအဆင့်အလိုက် ရွေးချယ်သတ်မှတ်ပြီး ဆောင်ရွက်ရမည့် စီမံကိန်းများကိုလည်း အချိန်ဇယားနှင့် လုပ်ငန်းအစီအစဉ်သတ်မှတ်ကာ ထိထိရောက်ရောက် တိုးချဲ့အကောင်အထည်ဖော်သွားကြဖို့ အကြံပြုလိုကြောင်း။

အာဆီယံမူလအဖွဲ့ဝင် ခြောက်နိုင်ငံက CLMV နိုင်ငံများအားအာဆီယံသို့ပေါင်းစည်းရေးအစီအစဉ် ပိုမိုမြန်ဆန်လာစေရန်နှင့် အာဆီယံအတွင်း ဖွံ့ဖြိုးမှုအဆင့်ကွာဟချက် နည်းပါးလာစေရန် ထိရောက်သော အကူအညီများ ပေးသွားရန်လိုကြောင်း။

CLMV နိုင်ငံအချင်းချင်း၏ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး အရင်းခံစိတ်ဓာတ်များကြောင့် ယနေ့ ထိပ်သီးအစည်းအဝေးသည် အောင်မြင်မှုအသီးအပွင့်များ ရရှိမှာဖြစ်သည့်အပြင် အနာဂတ် ပူးပေါင်းဆောင်ရွက်မှုများအတွက် ပုံဖော်လမ်းပြနိုင်မည်ဟုလည်း အခိုင်အမာ ယုံကြည်ပါကြောင်း။

CLMV ဒေသခွဲ၏ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့မြန်မာနိုင်ငံသည် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့နှင့်အတူ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ထပ်လောင်းအတည်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Ms.Soeung Rath Chavy က မိန့်ခွန်းပြောကြားပြီး စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

ယင်းနောက် စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေးကို National Convention Centre အခန်း(၃၃၉)၌ ဆက်လက်ကျင်းပရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အစည်းအဝေးအစီအစဉ်အတိုင်း ထိပ်သီးအစည်းအဝေးကို စတင်ကျင်းပသည်။

ထိပ်သီးအစည်းအဝေးအစီအစဉ်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းက **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻**

✳ စာမျက်နှာ ၉ မှ

ပူးပေါင်းဆောင်ရွက်မှုများ၏တိုးတက်မှုအခြေအနေ (Reviewing Cooperation Progress)နှင့် CLMV ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်လမ်းစဉ် (Future directions for CLMV) တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်းတို့ကလည်း ပူးပေါင်းဆောင်ရွက်မှုများ၏ တိုးတက်မှုအခြေအနေနှင့် CLMV ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်လမ်းစဉ်နှင့် စပ်လျဉ်း၍ ပြန်လည်ဆန်းစစ် သုံးသပ်ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပူးပေါင်းဆောင်ရွက်မှုတိုးတက်မှုအခြေအနေ သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Ms. Soeung Rath Chavy ကလည်း CLMV နိုင်ငံများ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအပေါ် အာဆီယံအသင်းအနေဖြင့် ပံ့ပိုးကူညီသွားမည့် အခြေအနေများကို တင်ပြဆွေးနွေးသည်။

CLMV ထိပ်သီးအစည်းအဝေးတွင် အစိုးရအဖွဲ့အကြီးအကဲများက တတိယအကြိမ် CLMV ထိပ်သီးညီလာခံကျင်းပခဲ့ပြီးနောက်ပိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုအခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ CLMV ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်လုပ်ငန်းစဉ်နှင့် ပတ်သက်၍ သဘောထားအမြင်များ ဖလှယ်ခြင်း၊ CLMV နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေမှုများကို လျှော့ချရေးအတွက် ဒေသခွဲနှင့် ဒေသမူဘောင်အတွင်းမှ CLMV နိုင်ငံများ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပဉ္စမအကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးပွဲကျင်းပမည့် အချိန်နှင့်နေရာတို့ကို ရင်းနှီးဖော်ရွေစွာ အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် CLMV ဝန်ကြီးချုပ်များက နောက်တစ်ကြိမ် ကျင်းပမည့် ပဉ္စမအကြိမ် CLMV ထိပ်သီးအစည်းအဝေးကို ၂၀၁၀ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပရန် ညှိနှိုင်းဆုံးဖြတ်ကြသည်။

ထို့နောက် CLMV ဝန်ကြီးချုပ်များသည် CLMV နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေးဆိုင်ရာ ရှေ့လုပ်ငန်းသစ်နှင့် စတုတ္ထအကြိမ် CLMV နိုင်ငံများ၏ ပူးတွဲကြေညာချက်ကို အတည်ပြုကြသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံ ထိပ်သီးအစည်းအဝေးကို ညနေ ၄ နာရီတွင် ရုပ်သိမ်းလိုက်သည်။

ထို့နောက် CLMV နိုင်ငံများ၏ အစိုးရအဖွဲ့အကြီးအကဲများသည် National Convention Centre အခန်းအမှတ်(၃၃၉)၌ စတုတ္ထအကြိမ် CLMV နိုင်ငံများ၏ ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးကြသည်။

(သတင်းစဉ်)




## လက်မှတ်ရေးထိုး

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စတုတ္ထအကြိမ် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးစဉ်။** (သတင်းစဉ်)



❐ **ကျောဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဆွေတို့ တက်ရောက်ကြပြီး ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကင်ယုံအီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

## လက်ခံတွေ့ဆုံ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်ယုံအီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ် ။**

(သတင်းစဉ်)



**နိုဝင်ဘာ ၈ ရက်က ပဉ္စမအကြိမ် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ရေကူးပြိုင်ပွဲ မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၌ ပြိုင်ပွဲဝင်တစ်ဦး၏ ယှဉ်ပြိုင်ဟန်။** (ကြေးမုံ)

သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ဘဝစစ်တမ်း"တရားတော် (ဆရာတော် ဓမ္မဒူတဒေါက်တာအရှင်ပညိသာရ) |
| ၈း၀၀ - ၂း၀၀ | Sunday Talk [ပါမောက္ခဒေါက်တာတင်စိုး၊ ဦးမြတ်သင်းအောင်(လှိုင်သာယာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ)၊ကိုကို(စက်မှုတက္ကသိုလ်)] |
| ၉း၀၀ - ၃း၀၀ | S0ccer Update |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | စေတနာအပေါင်း ခညောင်းဝေဆာ စားသောက်ဖွယ်ရာကမ္ဘာ |
| ၉း၅၀ - ၃း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ - ၃း၅၅ | အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်) |
| ၁၀း၁၀ - ၄း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၅ - ၄း၁၅ | Euro Goals |
| ၁၀း၃၅ - ၄း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၀ - ၄း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ - ၄း၄၅ | အဖိုးတန်သောသဘာဝသယံဇာတမြေပဲဟူးကောင်း |
| ၁၁း၀၀ - ၅း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၀ - ၅း၁၀ | နှင်းပွင့်လေးတွေနှင့်တွဲဖက် ဆွယ်တာလေးတွေစွဲမက် |
| ၁၁း၂၅ - ၅း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ - ၅း၃၀ | Activities In The City (ဘောလုံးဝါသနာရှင်များအတွက် သတင်းကောင်း) |
| ၁၁း၄၅ - ၅း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၀ - ၅း၅၀ | ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ |
| ၁၂း၀၀ - ၆း၀၀ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ်တေးအရသာ (အသက်ရှူကွဲသော အသစ်စက်စက်အစစ်သက်သက် စန္ဒရားလက်ရည်တက်ကလေးများ) |
| ၁၂း၃၅ - ၆း၃၅ | International Video Topics (ရေလွှဲလမ်းဥမင်တည်ဆောက်ခြင်း) |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၅၅ | Blackburn - Chelsea | ESPN (Live) |
| ၉း၂၅ | Man City - Tottenham | STAR SPORTS (Live) |
| ၁၀း၂၅ | Fulham - Newcastle | ESPN (Live) |
| ၁၁း၃၀ | Aston Villa - Middlesbrough | STAR SPORTS (SDD) |

### Series A ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Lecce -AC Milan | 5-Cartoons (Live) |





ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တွံတေးမြို့ အော်တိုအိတ်ချိန်းရုံးတွင် GSM စခန်း တပ်ဆင် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

# တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ဒေးဒရဲမြို့ရှိ ဆက်သွယ်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၈

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် နိုဝင်ဘာ ၇ ရက်တွင် ရန်ကုန်တိုင်း တွံတေးမြို့ အော်တိုအိတ်ချိန်းရုံးသို့ ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာများက ဝန်ကြီးအား GSM စခန်း တပ်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အိတ်ချိန်းစခန်းများ ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။**

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ကော့မှူးမြို့ အော်တိုအိတ်ချိန်းနှင့် ကွမ်းခြံကုန်းမြို့ အော်တိုအိတ်ချိန်း စခန်းများသို့ ရောက်ရှိပြီး ဝန်ကြီးက အသစ် တည်ဆောက်လျက်ရှိသည့် ကွမ်းခြံကုန်းမြို့ အော်တိုအိတ်ချိန်း အဆောက်အအုံကို သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီစွာဖြင့် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒေးဒရဲမြို့ အော်တိုအိတ်ချိန်း အဆောက်အအုံသစ် ဆောက်လုပ်ရာ နေရာသို့ရောက်ရှိပြီး မြို့တွင်း ကေဘယ်လ် သွယ်တန်းပြီးစီးမှုနှင့် အဝေးဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရန်၊ သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းနှင့်အညီအပြီးသတ်ဆောင်ရွက်ရန် မှာကြားပြီး မြို့တွင်းကေဘယ်လ်သွယ်တန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် ဒေးဒရဲမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှအင်ဂျင်နီယာချုပ်များ၊ မြို့ပေါ်ရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အထက(၂)ပုဇွန်တောင် စတုတ္ထအကြိမ် အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၈

အထက(၂)ပုဇွန်တောင်တွင် ၁၉၆၆ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့ကြသော အသက်(၆၀)ပြည့်ပြီး အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အထက(၂)ပုဇွန်တောင် တေဇခန်းမ၌ နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပမည် ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ကိုယ်တိုင်ပါဝင်ကန်တော့ခြင်းပြုနိုင်ရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဆရာ ဦးလှဖေ ဖုန်း-၆၆၆၄၁၇၊ ဆရာမဒေါ်တင်နွဲ့ ဖုန်း-၂၉၆၂၆၈၊ ဆရာဦးထွန်းလွင် ဖုန်း-၂၀၂၄၉၇၊ ၀၉-၅၁၄၉၃၅၃၊ ဆရာမဒေါ်ခင်အေးမြ ဖုန်း-၂၉၇၁၆၇၊ ၀၉-၅၁၄၁၂၉၄၊ ဦးအောင်ခင် ဖုန်း-၂၄၉၁၀၂၊ ၀၉-၅၀၀၀၇၅၀၊ ဦးအောင်ကျော်မြင့် ဖုန်း-၂၉၁၅၃၅၊ ၂၉၉၀၈၆၊ ဦးအောင်ဝင်း ဖုန်း-၂၄၀၅၀၉၊ ၀၉-၅၀၀၁၄၈၂၊ ဦးဇော်မင်းဦး ဖုန်း-၀၉-၅၀၀၄၃၇၃၊ ဒေါ်ခင်မမ-မမေပြုံးဇော် ဖုန်း-၀၉-၅၁၂၇၇၁၀၊ ဒေါ်တင်မျိုးကျော် ဖုန်း-၂၉၂၀၈၆နှင့် မောင်မိုး (၁၉၉၀-၂၀၀၁) ဖုန်း-၀၉-၅၁၅၁၅၀၃၊ မောင်လွင်ဟန် (၁၉၉၀-၂၀၀၁) ဖုန်း-၂၉၇၂၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## ကျောက်တန်းမြို့မအလယ်တန်းကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၈

ကျောက်တန်းမြို့ မြို့မ(အလက) ကျောင်းသားဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၂ရက် (အမျိုးသားနေ့) နံနက် ၁၁ နာရီတွင် အဆိုပါ ကျောင်းရှိ ရွှေသံလွင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေပါဝင်လှူဒါန်းလိုပါက ဦးကြည်ညွန့် ဖုန်း-၀၅၆-၂၅၆၄၅၊ ၀၉-၅၁၆၁၀၀၅၊ ဦးလှထွန်း ဖုန်း-၀၅၆-၂၅၀၄၂၊ ဦးမိုးလွင် ဖုန်း-၀၉-၅၁၈၈၇၂၃၊ ဒေါ်ငွေငွေဦး ဖုန်း- ၀၅၆-၂၅၂၇၇၊ ၀၅၆-၂၅၅၃၇၊ ဒေါ်ခင်အေးကြိုင်ဖုန်း-၀၉-၅၁၄၂၇၃၆၊ ဦးရဲထွဋ် ဖုန်း-၀၁-၅၄၀၃၈၅၊ ၀၉-၅၀၀၉၈၇၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၇၄)

## ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၈

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ပိန္နဲကွင်း သံပရာကုန်းကျေးရွာ၌ ရိုးမငြိမ့်သည်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပရာ ရန်ကုန်မြို့မှ စာရေးဆရာများနှင့် စာနယ်ဇင်းအသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ အဆိုပါ ရိုးမငြိမ့်သည် စာကြည့်တိုက်ဖွင့်ပွဲတွင် ပိန္နဲကွင်းကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအုန်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာ မော်ဝန်းကြည်မြတ်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

စာကြည့်တိုက်ဖွင့်လှစ်ပွဲအထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၃၁ရက်ညနှင့် နိုဝင်ဘာ ၁ ရက်ညများတွင် စာရေးဆရာများ ဖြစ်ကြသည့် အမျိုးသားစာပေဆုရှင် ကဗျာဆရာတက်လူ၊ ယမုံသက်လယ်၊ မောင်လွမ်းနွယ်(အောင်လံ)၊ ကလျာငြိမ်းငြိမ်းစံ၊ ကာတွန်းရွှေမင်းသား၊ စူးရှမြတ်မြတ်နှင့် မော်ဝန်းကြည်မြတ်တို့က စာပေရေးရာများ ဟောပြောခဲ့ကြသည်။ ထို့နောက် စာပေအနုပညာများ စုစည်းတည်ထောင်ထားသော ဂီတကမ္ဘာမြန်မာမှု တေးဂီတအဖွဲ့က မြန်မာသံတေးသီချင်းများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ (၃၁)



## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီး အဘိုး၊ အဘွားများအတွက် အစားအစာနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် နိုဝင်ဘာ ၁ ရက်တွင် နေပြည်တော်ပျဉ်းမနား ဘိုးဘွားရိပ်သာသို့ သွားရောက်၍ အဘိုး၊ အဘွား ၂၇ ဦးတို့အား အစားအစာ၊ အားဆေးများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြပြီး **(အပေါ်ပုံ)** အဘိုး၊ အဘွားများ၏ ကျန်းမာရေး အခြေအနေများ မေးမြန်း၍ အဘိုး၊ အဘွားများအား ခြေသည်း၊ လက်သည်းများ သန့်ရှင်းပေးကြသည်။

ထို့နောက် ဘိုးဘွားရိပ်သာ ထာဝရငွေပဒေသာပင်အတွက် ငွေကျပ် ၃၈၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဘိုးဘွားရိပ်သာထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှင်းနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၉-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)

### နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

### နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၃၀ ၄။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ဘီးကလေး**
၁၃း၅၀ ၅။ အမျိုးသားရေးတေးကဗျာ
၁၃း၅၅ ၆။ အပိတ်နှုတ်ဆက်စကား
၁၄း၀၀ ၇။ ပြီးပါပြီ။

### ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၄း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ သံစဉ်များနဲ့ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး အပိုင်း (၂၂)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငါးကလေး (အပိုင်း-၅)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။





**အောက်တိုဘာ ၁၈ ရက်က မရမ်းကုန်းမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးညွန့်ဦးနှင့် ဝန်ထမ်းများသည် (၉) ရပ်ကွက် အမက(၁၆)ကျောင်း၌ ရပ်ကွက်အတွင်းရှိ ပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းပေးအပ်စဉ်။** (လူဝင်မှုကြီးကြပ်ရေး)

# စိန်ခေါ်လျှင်တိမ်ပေါ်အထိလိုက်သည့် မြန်မာ့လက်ဝှေ့ကျော်က အသည်းကောင်း၍ ပွဲတောင်းသည့် ထိုင်းလက်ဝှေ့ကျော်ကို အလဲထိုး

**သတင်းနှင့်ဓာတ်ပုံ - စိုးညွန့် (ကြေးမုံ)**

ရန်ကုန် နိုဝင်ဘာ ၈

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ Calsome ကွေကာ (Myanmar Distribution Group Co., Ltd.) မှ အဓိကပံ့ပိုးကူညီမှုဖြင့် KLN Group မှ တာဝန်ယူကျင်းပသော မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ယနေ့မွန်းလွဲ ၂နာရီမှစ၍ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ တွေ့မရှောင်က ပါဝိကို ဒုတိယအချီတွင်လည်းကောင်း၊ စောငမန်းက ဖိချိချိုင်းကို စတုတ္ထအချီတွင်လည်းကောင်း အကွဲထိုး၊ အလဲထိုးများဖြင့် အနိုင်ရရှိသွားကြသည်။**

ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲမစတင်မီ ရှေးဦးစွာ မြန်မာလက်ဝှေ့အသင်းနှင့်ထိုင်းလက်ဝှေ့အသင်းတို့မှ အုပ်ချုပ်သူ နည်းပြများနှင့်အားကစားသမားများအား မြန်မာ့လက်ဝှေ့ပရိသတ်များနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က နှစ်ဖက်အသင်းအား လိုက်လံနှုတ်ဆက်သည်။ ဆက်လက်၍ မြန်မာ-ထိုင်းလက်ဝှေ့အသင်းမှ အုပ်ချုပ်သူနှင့် ကစားသမားများက အထိမ်းအမှတ်အလံနှင့် ပစ္စည်းများ လဲလှယ်ကြသည်။ ထို့နောက် ပထမနေ့ပွဲစဉ်ဖြစ်သည့် ပြည်တွင်း(၅)ချီ စိန်ခေါ်ပွဲ ခုနစ်ပွဲနှင့် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ နှစ်ပွဲ ကျင်းပသည်။

အသည်းကောင်း၍ ပွဲတောင်းလာသည့် ထိုင်းလက်ဝှေ့ကျော်များနှင့် စိန်ခေါ်လျှင်တိမ်ပေါ်အထိလိုက်မည့် မြန်မာ့ရိုးရာလက်ဝှေ့ကျော်များ ရန်ကုန်မြို့တွင် ပထမဦးဆုံး တွေ့ဆုံကြသည့်ပွဲဖြစ်သည့်အားလျော်စွာ မြန်မာ့ရိုးရာလက်ဝှေ့ပရိသတ်များ၏ အားပေးမှု အထူးများပြားခဲ့ပြီး ပွဲစဉ်များမှာလည်း မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ထက်သန်မှု၊ ရဲစွမ်းသတ္တိပြောင်မြောက်မှု တို့ကို တွေ့မရှောင်နှင့် စောငမန်းတို့က ပြသနိုင်ခဲ့ကြသည်။

မြန်မာ-ထိုင်း နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၏ ပထမပွဲအဖြစ် တွေ့မရှောင်နှင့် ထိုင်းမှ ပါဝိတို့ စတင်ယှဉ်ပြိုင်ကြသည်။ ရွှေခါးပတ်ချန်ပီယံဆုရရှိပြီး ချိန်မှစ၍ ပြိုင်ဘက်အား သုံးချီအကျော်မခံဘဲ အနိုင်ယူခဲ့သော တွေ့မရှောင်မှာ ယခုပွဲတွင်လည်း အစဉ်အလာကို ဆက်လက် ထိန်းသိမ်းကာ ပြိုင်ဘက် ထိုင်းကစားသမားကို မြန်မာပရိသတ်များ၏ တစ်ခဲနက်အားပေးမှုအောက်တွင် အနိုင်ယူသွားခဲ့သည်။ ၂၀၀၇- ၂၀၀၈ ၏ ကမ္ဘာ့မွေထိုင်းချန်ပီယံတစ်ဦးဖြစ်ပြီး မြန်မာ့လက်ဝှေ့ကျော်များဖြစ်သည့် နိုင်ဝမ်းလေး၊ ကြယ်လင်းအောင်တို့နှင့် ထိုးသတ်ခဲ့ဖူးသည့် ပါဝိမှာ ရန်ကုန်မြေတွင်ထိုးသတ်သည့်ပွဲတွင်မူ တွေ့မရှောင်ကို မယှဉ်နိုင်ခဲ့ဘဲ မြန်မာ့လက်ဝှေ့သမားများနှင့် တွေ့ဆုံရာတွင် ပထမဦးဆုံးအကြိမ် အရှုံးနှင့် ရင်ဆိုင်လိုက်ရသည်။ ကမ္ဘာ့မွေထိုင်းချန်ပီယံ ပါဝိမှာ မြန်မာ့လက်ဝှေ့ ပညာရပ်တွင် တွေ့မရှောင်ကို ယှဉ်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

လေးဖက်လေးတန်မှ မြန်မာလက်ဝှေ့ပရိသတ်တို့၏ တစ်ခဲနက်အားပေးမှု၊ ဆိုင်းဆရာတို့၏ ဒိုးသံပံ့ပိုးမှုကောင်းခြင်းတို့ကြောင့် တွေ့မရှောင်မှာ ပိုမိုအစွမ်းပြနိုင်ခဲ့ပြီး ၎င်းအားသန်သည့် ပတ်တံတောင်ရိုက်ချက်ကို အများဆုံးသုံးကာ ဒူး၊ ခြေကန်ချက်တို့ဖြင့် ဆင့်သုံးသည်။ ပါဝိမှာ မြန်မာပရိသတ်များကို ရှိန်နေ၍လားမသိ၊ တွေ့မရှောင်ကို အထိနာအောင်မလုပ်နိုင်ခဲ့ပေ၊ အချီအစတွင် အကဲစမ်းနေကြသော်လည်း နောက်ပိုင်းတွင် တွေ့မရှောင်က ဖိထိုးလာသည်။ ခြေကန်ချက်များ၊ တံတောင်ရိုက်ချက်များဖြင့် တိုက်စစ်ဆင်သည်။ ပါဝိမှာ မြန်မာ့ရိုးရာလက်ဝှေ့နှင့် အကျွမ်းတဝင်ရှိသော်လည်း သူ၏ ပညာစွမ်းကိုသိပ်မတွေ့ရဘဲ ကိုင်ပေါက်ဖို့သာကြိုးစားသည်။ ဒုတိယအချီ ၂ မိနစ်ကျော်တွင် တွေ့မရှောင်၏ ခေါင်းတိုက်ချက်မိပြီး ပါဝိ ဘယ်နားထင်ကွဲသွားသည်။ ဆရာဝန်က ဆေးအရှုံးသတ်မှတ်၍ တွေ့မရှောင် စောစီးစွာအနိုင်ရသွားသည်။

ပွဲအပြီးတွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က တွေ့မရှောင်အား ရွှေခါးပတ်နှင့်ငွေကျပ် ၁၀သိန်း၊ ပါဝိအား ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က တွေ့မရှောင်အား ငွေကျပ် ၁၀သိန်း ပေးအပ်ချီးမြှင့်သည်။ တွေ့မရှောင်အား Calsome ကွေကာ (MDG Co., Ltd.) မှလည်း ဂုဏ်ပြုဆုငွေများ ထပ်မံချီးမြှင့်သည်။

ဒုတိယပွဲစဉ်အဖြစ် စောငမန်းနှင့် ဖိချိချိုင်းတို့ ယှဉ်ပြိုင်ကြသည်။ နယ်စပ်လက်ဝှေ့ကျော် တစ်ဦးဖြစ်ပြီး ထိုင်းလက်ဝှေ့ကျော်များစွာ ထိုးသတ်ခဲ့ဖူးသော အတွေ့အကြုံရင့်ကျက်နေသည့်စောငမန်းမှာ ဖိချိချိုင်းကို အသာစီးမှ ထိုးသတ်သွားခြင်းဖြစ်သည်။ ဖိချိချိုင်းမှာ မြန်မာ့လက်ဝှေ့ကို ပထမဦးဆုံး ထိုးသတ်ခြင်းဖြစ်ပြီး စောငမန်းကို အံတုရန်ကြိုးစားသော်လည်း တောင့်တင်းမာကျောသည့် စောငမန်းက နည်းနည်းမှ မဖြုံခဲ့။

ပထမအချီအစတွင် နှစ်ဦးစလုံး အကဲစမ်းနေသော်လည်း နောက်ပိုင်းတွင် စောငမန်းက လက်ရည်သာမှန်းသိသောကြောင့် ဖိထိုးလာသည်။ စောငမန်းက ၎င်းအားသန်သည့် ခြေကန်ချက်များ တရစပ်အသုံးပြုသလို တစ်ခါတစ်ရံချုပ်သိုင်းပြီး ကိုင်ပေါက်ရာ ဖိချိချိုင်း အတော်ပင် အထိနာလာသည်။ ဒုတိယအချီတွင် စောငမန်းက ခြေကန်ချက်အပြင် လက်သီးများကိုပါ တွဲသုံးလာသည်။ စောငမန်း၏ လက်သီးတွဲလုံးမိပြီး ဖိချိချိုင်းအတော်ပင်မူးသွားသလို အမှတ်စဉ်နှစ်ကြိမ်လည်း ရေတွက်ခံရသည်။ တတိယအချီတွင် စောငမန်း အသာရခဲ့သလို စတုတ္ထအချီ ၂ မိနစ် ၁၄ စက္ကန့်တွင် စောငမန်း၏ ထိုးချက်များကြောင့် ဖိချိချိုင်း မခံနိုင်တော့ဘဲ အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။

ပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က စောငမန်းအား ငွေကျပ် ၁၀သိန်းနှင့် ရွှေခါးပတ်၊ ဖိချိချိုင်းအား ငွေကျပ်ငါးသိန်း၊ ဥက္ကဋ္ဌဦးဝင်းမြင့်က စောငမန်းအား ငွေကျပ် ၁၁သိန်း ချီးမြှင့်သည်။

ပြည်တွင်း(၅)ချီ စိန်ခေါ်ပွဲများတွင် မိုးသီး(မြန်မာပြည်သား)က ဖန်တီးရှင် (သူရဲကောင်း)ကို ဒုတိယအချီ ၂ မိနစ်၃၆စက္ကန့်တွင် ပွဲသိမ်းလက်သီး ပစ်သွင်း၍ လည်းကောင်း၊ မိုးမခ(မန္တလေး)နှင့် ကျောင်းသား(မြန်မာ့သွေးသစ်)တို့ပွဲတွင် မိုးမခက ဒုတိယအချီတွင်လည်းကောင်း အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ ရွှေကျားဖြူ (ဘိလပ်မြေစက်ရုံ)နှင့် ကြယ်လေး(မြန်မာပြည်သား)တို့ပွဲတွင် ရွှေကျားဖြူ ခံနိုင်ရည်ကောင်းသဖြင့် ကြယ်လေး စတုတ္ထအချီ ၁ မိနစ် ၃၃စက္ကန့်ကျမှသာ အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။ လက်သီးများကို ဇယ်ဆက်သလိုအသုံးပြုသွားသည့် ကျော်တင့်(မိုးသောက်ကြယ်)က ဒိန်း(မြန်မာ့သွေးသစ်) ကို ဒုတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရသွားသည်။ ဒေါနအောင် (အဖြူရောင်သွေးသစ်)နှင့် သားသား (K.L.N)တို့ပွဲတွင် အလူးအလဲဖြင့် ပူးတွဲသရေကျသွားပြီး စောပဂရေမှူး (K.L.N)နှင့် ရွှေကရင်(ဘိလပ်မြေစက်ရုံ) တို့ပွဲတွင် လက်ရည်မမျှသဖြင့် စောပဂရေမှူးက ဒုတိယအချီတွင် အနိုင်ရသွားသည်။ တစ်ကျော့ပြန် စောသဲအောင် (K.L.N)နှင့် မောရှည်(အလင်းရောင်)တို့ပွဲလည်း အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့် အဆုံးသတ်သွားသည်။

မြန်မာ-ထိုင်း နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဒုတိယနေ့ ပွဲစဉ်များကို နိုဝင်ဘာ ၉ရက် မွန်းလွဲ ၂နာရီမှ စ၍ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

(ကြေးမုံ)



**တွေ့မရှောင် (မြန်မာ)နှင့် ပါဝိ(ထိုင်း)တို့ အကြိတ်အနယ်။**

---

## တောင်ပိုင်းဒေသများ မိုးဆက်လက် ထစ်ချုန်းရွာမည်

ရန်ကုန် နိုဝင်ဘာ ၈

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းကမွန်ပြည်နယ်၊ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ် နှင့် လွိုင်လင်မြို့တွင် ၅ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ပါသည်။ **မှတ်သားဖွယ်ရာ မိုးရေ ချိန်များမှာ** ရေးမြို့တွင် ၀ဒသမ၅၉လက်မနှင့် ကော့ကရိတ်မြို့တွင် ၀ ဒသမ ၄၃ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**နိုဝင်ဘာ ၉ရက်ညနေထိ ခန့်မှန်းချက်။** ။တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင်၃၅မိုင်မှ မိုင်၄၀ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၂ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) ၇-၁၁-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၆၅ဒီဂရီဖာရင်ဟိုက်) ၈-၁၁-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၃ ရာခိုင်နှုန်း ၈-၁၁-၂၀၀၈

နေပူသည့်နာရီပေါင်း ၈ ဒသမ ၁ နာရီခန့် ၇-၁၁-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၈-၁၁-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၈၀၂မမ | ၃၀၇၂မမ | ၃၅၈၀မမ |
| ယနေ့အထိ | (၁၁၀ဒသမ ၃၁လက်မ) | (၁၂၀ဒသမ ၉၅လက်မ) | (၁၄၀ဒသမ၉၄လက်မ) |

ရန်ကုန် (ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၇-၁၁-၂၀၀၈ရက် ၁၃း၃၀ နာရီတွင် အရှေ့မြောက်ဘက်မှ တစ်နာရီငါးမိုင်နှုန်း တိုက်ခတ်သည်။

---

## နာဆရီ၏ဂိုးများဖြင့် အာဆင်နယ်တို့ မန်ယူကိုအနိုင်ရ

**လန်ဒန် နိုဝင်ဘာ ၈**

ပရီမီယာလိဂ်ပွဲစဉ် (၁၂)ပထမနေ့ ပွဲများကို ယနေ့ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲစဉ်အဖြစ် အာဆင်နယ်နှင့် မန်ယူတို့သည် အာဆင်နယ်၏ အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ယခုပွဲတွင် ပရီမီယာလိဂ်၌ နှစ်ပွဲဆက်တိုက်နိုင်ပွဲပျောက်ခဲ့သည့် အာဆင်နယ်သည် လူစုံတက်စုံဖြင့် ပွဲထွက်လာသည့် မန်ယူကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အာဆင်နယ်-မန်ယူ**

ယနေ့ပွဲတွင် အိမ်ရှင်အာဆင်နယ်သည် ပထမပိုင်းစသည်နှင့် မန်ယူဘက်သို့ တရစပ်ထိုးဖောက်ကစားခဲ့ရာ မန်ယူမှာ ကစားကွက်တည်မရဖြစ်ခဲ့ရသည်။ လျင်မြန်မှုကို အားပြုပြီး ထိုးဖောက်ကစားလာသည့် အာဆင်နယ်တိုက်စစ်ကို မန်ယူနောက်တန်း ခက်ခက်ခဲခဲ ထိန်းနေရသည်။

အိမ်ရှင်အတွက်ဦးဆောင်ဂိုးကို ပွဲချိန် ၂၂မိနစ်တွင် ပြစ်ဒဏ်ဘောမှ တစ်ဆင့် ပြန်ထွက်လာသည့်ဘောလုံးကို ကွင်းလယ်လူ နာဆရီက ဘယ်ခြေဖြင့် အပြင်းကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။ ပထမပိုင်းတွင် မန်ယူမှ ဝိန်းရွန်နေး အပိုင်နှစ်လုံးကန်သွင်းခွင့် ရရှိခဲ့သော်လည်း ဂိုးပေါက်နှင့် လွဲချော်ခဲ့ရသည်။

ဒုတိယပိုင်းတွင်လည်း ပွဲစသည်နှင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ထိုးဖောက်ကစားခဲ့သဖြင့် ပွဲကကြည့်ကောင်းခဲ့သည်။ အာဆင်နယ်အတွက် ဒုတိယဂိုးကို ပွဲချိန် ၄၇မိနစ်တွင် နာဆရီကပင် ထပ်မံသွင်းယူနိုင်ခဲ့သည်။ မန်ယူအတွက်နှစ်သိမ့်ဂိုး တစ်ဂိုးကို ပွဲချိန် မိနစ် ၉၀အရောက်မှာ ညာ နောက်ခံလူ ရာဖေးဒါဆေးလ်ဗားက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

**အခြားပွဲရလဒ်များ**

ဝီဂန် ၀ - ၀ စတုတ်စီးတီး
ဝက်စ်ဟမ်း ၁ - ၃ အဲဗာတန်
ဆန်းဒါးလန်း ၁ - ၂ ပို့စ်မောက်
ဟူးလ်စီးတီး ၀ - ၁ ဘော်လ်တန်

***အင်တာနက်။***

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ထံသဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၉

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင်ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက် အာခါ မိုဟာစီနာ ပန်တိုင်းတဲ့ချို ဟွန်ဆန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# မိမိတို့လေးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက်လိုအပ်မည့် ဘဏ္ဍာငွေ အရင်းအမြစ်များ ရရှိနိုင်စေရန် မိမိတို့ ဆတက်ထမ်းပိုး ကြိုးပမ်းအားထုတ်

နေပြည်တော် နိုဝင်ဘာ ၈

**ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုဝင်ဘာ၆ရက်မွန်းလွဲ ၂ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ National Convention Centre ရှိ အခန်းအမှတ်(၂၄၁)၌ ကျင်းပသည့် စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံ(CLMV) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**

အဆိုပါ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Ms. Soeung Rath Chavy၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**






**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံ (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်း ပြောကြားစဉ်။** (သတင်းစဉ်)

## အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

**ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်ယုံအီး (H.E.Mr.Kim Yong IL )ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐**

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- ❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ကွက်AD-7အတွင်း လိုအပ်သည့်စမ်းသပ် တိုင်းတာမှု (Survey) လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီးဖြစ် မူလသတ်မှတ်ထားသည့် လုပ်ငန်းအစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာ့သီးသန့် စီးပွားရေးဇုန်အတွင်းရှိ ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် လုပ်ကွက်များ လစ်လပ်မှုကို နိုင်ငံတကာသို့ ကြေညာခဲ့ပြီးနောက် ၂၀၀၀ပြည့်နှစ်တွင် ရခိုင်ကမ်းလွန် လုပ်ကွက် A-1 ကို အဆိုပြုချက် ယှဉ်ပြိုင် အောင်မြင်ခဲ့သည့် ဒေဝူး အင်တာနေရှင်နယ် ကော်ပိုရေးရှင်းသည် ရှာဖွေတူးဖော်ရေး (Exploration) လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယင်းလုပ်ကွက်အတွင်းမှ နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့များ တွေ့ရှိမှုကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဒေဝူး အင်တာနေရှင်နယ်ကော်ပိုရေးရှင်းသည် ရခိုင်ကမ်းလွန်လုပ်ကွက်များဖြစ်သည့် လုပ်ကွက် A-3 ကို ၂၀၀၄ခုနှစ်တွင်လည်းကောင်း၊ လုပ်ကွက် AD-7 ကို ၂၀၀၅ခုနှစ်တွင်လည်းကောင်း အဆိုပြုချက်များ ထပ်မံယှဉ်ပြိုင်အောင်မြင်ခဲ့ပြီး လုပ်ကွက်များအတွင်း သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှုအခြေအနေများအား သိရှိနိုင်ရန် ဆိုက်စမစ် (Seismic) တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ကွက် AD-7 အတွင်း မြောက်လတ္တီတွဒ် ၁၉ဒီဂရီ၄၉မိနစ် ၇ ဒသမ ၈၈ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၄မိနစ် ၂၃ဒသမ၄၉စက္ကန့် နေရာ၌ ပုလဲအနောက်၁(က)ရှာဖွေရေးတွင်း (Exploration Well) ကို ၂၀၀၈ခုနှစ် အောက်တိုဘာ၁၇ရက်မှ နိုဝင်ဘာ ၅ရက်အတွင်း ရည်မှန်းချက်အနက်ပေအထိ တူးဖော်ခဲ့ပြီး လိုအပ်သည့် စမ်းသပ်တိုင်းတာမှု (Survey) လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များအရ လက်ရှိတွင်းနေရာမှ ရေနံတွင်းတူးစက်ကို ထပ်မံစမ်းသပ်တူးဖော်မည့် လုပ်ကွက် A-3 အတွင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၂မိနစ် ၅၇ ဒသမ ၉၉ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၀ မိနစ် ၄၆ ဒသမ ၇၇ စက္ကန့် နေရာရှိ ရှာဖွေရေးတွင်း သန္တာ(၁) သို့ ရွှေ့ပြောင်းတူးဖော်နိုင်ရေးအတွက် တွင်းတူးစက် ရုပ်သိမ်းခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၈ ရက်တွင် ပြီးစီးသဖြင့် စတင်ပြောင်းရွှေ့လျက်ရှိကြောင်းနှင့် မူလသတ်မှတ်ထားသည့် လုပ်ငန်းအစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)